# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၂၄)

| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

**အလှူငွေများ ပေးအပ်လှူဒါန်း**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ သမ္ဗုဒ္ဓေကပ်ကျော်စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာရပ်တော်မူဘုရားကြီးနှင့် သမ္ဗုဒ္ဓေကပ်ကျော်စေတီတော်တို့အား ဖူးမြော်ကြည်ညို ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် သစ်သီးများ ကပ်လှူပူဇော်

နေပြည်တော် ဇန်နဝါရီ ၃၁

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇန်နဝါရီ ၂၉ရက် မွန်းလွဲ ၁နာရီ ၁၀မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ကန့်ဘလူမြို့မှ မုံရွာမြို့နယ်ရှိ မဟာဗောဓိတစ်ထောင် သာသနာ့နယ်မြေသို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လေးကျွန်းစကြာရပ်တော်မူဘုရားကြီး တတိယထပ်ရှိ ရှုရပ်မှနေ၍ မဟာဗောဓိတစ်ထောင် သာသနာ့နယ်မြေအတွင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁ ရက်)

# သီးနှံစိုက်ခင်းအားတိုးမြှင့်ရေး နည်းလမ်းကြံဆကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးလာစေရန်အတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို ဖော်ဆောင်ပေးခဲ့သည်။

စစ်ကိုင်းတိုင်းသည် မြန်မာနိုင်ငံ၏ အနောက်မြောက်တွင်ရှိပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့နှင့် ထိစပ်လျက်ရှိသည်။ ပြည်နယ်၊ တိုင်းများနှင့် ဆက်သွယ်ရေး လွယ်ကူလျက်ရှိပြီး တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်သွယ်မှု နီးစပ်သဖြင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်စေခဲ့သည်။

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်တွင် လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရန် စိုက်ပျိုးရေ ရရှိရန်အတွက် မင်းမြင်ချောင်း၊ ကျွန်းပင်လဲချောင်း၊ သိုက်ချောင်းစသည့် ရေအရင်းအမြစ် ရရှိရေးနှင့် စပ်လျဉ်း၍ စူးစမ်းရှာဖွေဖော်ထုတ်လျက်ရှိသည်။

စစ်ကိုင်းတိုင်း ကျွန်းလှမြို့ကို သဖန်းဆိပ်ရေလှောင်တမံ ရေဝပ်ဧရိယာမှ ကင်းလွတ်သည့် နေရာသို့ ရွှေ့ပြောင်း၍ တည်ဆောက်ပေးခဲ့သည်။

တိုင်း၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးပြီး ဒေသဆန်ဖူလုံရုံမျှသာမက ပိုလျှံရေးအတွက် မူးမြစ်ကိုပိတ်၍ သဖန်းဆိပ်ရေလှောင်တမံကြီးကို တည်ဆောက်ပေးခဲ့သည်။ ရေလှောင်တမံကြီး၏ အကျိုးပြုမှုကြောင့် စစ်ကိုင်းတိုင်းအတွက် ဆန်ဖူလုံရုံသာမက ဧရာဝတီတိုင်းကဲ့သို့ ဆန်စပါး ပိုလျှံပြီး အထက်မြန်မာနိုင်ငံ၏ စပါးကျီဖြစ်နေပြီဖြစ်သည်။

ကျွန်းလှမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ စိုက်ပျိုးရေရရှိပြီး သီးနှံထုတ်လုပ်မှုစွမ်းအား ပိုမိုတိုးတက်ရေးအတွက်နိုင်ငံတော်မှ ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံပြည်သူတို့က လယ်ယာကုန်ထုတ်လုပ်မှုများ တိုးတက်ရေးအတွက် စိုက်ပျိုးမြေများ တိုးချဲ့လုပ်ကိုင်ကာ သီးနှံတစ်ဧကအထွက်နှုန်း တိုးတက်ရေးကို နည်းလမ်းကြံဆ ကြိုးစားလုပ်ကိုင်ကြရမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းသည် အထက်မြန်မာနိုင်ငံ၏ စပါးကျီဖြစ်နေပြီဖြစ်ရာ သီးနှံစိုက်စွမ်းအားများ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် ဒေသခံတောင်သူလယ်သမားများအနေဖြင့် နည်းလမ်းများ ကြံဆ၍ နိုင်ငံတော်၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ကြိုးပမ်းစွမ်းဆောင်ပေးသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပြည်သူ့ပန်းခြံအတွင်း ရေပန်းကန်နှင့် မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုအခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးကျော်သူက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## လောက်ကိုင်မြို့၌ ရိုးရာမပျက် ထမနဲထိုးပြိုင်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့ ရိုးရာမပျက် ထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၂၉ရက် မွန်းလွဲပိုင်းတွင် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်ဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)မှ တိုင်းရင်းသား ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အသင်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် ဆုရရှိကြသည့် အသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ (သတင်းစဉ်)

## စာပေစာနယ်ဇင်းအဖွဲ့ စာရေးနည်းလမ်းညွှန်သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စာရေးနည်းလမ်းညွှန် သင်တန်း (၁/၂၀၁၀)ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက် နံနက်၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ခန်းမဆောင်၌ ကျင်းပသည်။

### တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

### ရုပ်သိမ်း

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ (တက္ကသိုလ်တင်ခ) **(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာ အလှူလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသား စောချစ်)က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### သင်တန်းကာလ

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၇ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

## နေပြည်တော်မြန်မာ့အသံ ရေဒီယို

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

၂-၂-၂၀၁၀

- ၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
- ၇:၀၅ တရားတော် **(မင်္ဂလသုတ်)** ဓမ္မပူဇာတေးပဒေသာ
- ၇:၂၀ (၃၈)ဖြာမင်္ဂလာ
- ၇:၃၅ နံနက်ခင်းတေးပဒေသာ
- ၈:၀၀ စံတော်ချိန် + သတင်းဆောင်းပါး
- ၈:၁၀ နံနက်ခင်းတေးပဒေသာ
- ၈:၃၀ ပြောပါရစေရှင်(သဲနဲ့ကျောက်)
- ၈:၄၀ တေးပဒေသာ
- ၁၀:၀၀ မွေးနေ့လက်ဆောင်
- ၁၀:၃၀ သတင်းစာအာဘော်
- ၁၀:၃၅ တေးပဒေသာ
- ၁၀:၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (ရှမ်းထမင်းချဉ်)
- ၁၀:၅၅ တေးသီချင်း
- ၁၁:၀၀ နေ့လယ်ခင်းသတင်း
- ၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁:၂၅ Talk on Line(ရဝေအောင်)
- ၁၁:၅၀ တေးပဒေသာ
- ၁၂:၀၀ စံတော်ချိန်တေးပဒေသာ
- ၁၂:၄၀ ရွှင်လန်းစေချင် သောတရှင် ကျွမ်းထိုးလိုက်ပါ
- ၁၃:၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃:၁၀ ပညာရေးအစီအစဉ်(စတုတ္ထတန်း -သမိုင်း) တေးပဒေသာ
- ၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၂၀ ဆောင်းပါး
- ၁၆:၃၀ သောတရှင်လိုရာတေး
- ၁၇:၀၀ မေတို့တွက်တာ အလှကမ္ဘာ (နားဆွဲလေးများရဲ့ ရင်ခုန်သံ)
- ၁၇:၁၀ တေးပဒေသာ
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၀ ညနေခင်းတေးပဒေသာ
- ၁၇:၄၅ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၂၅)
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၁၀ ညနေခင်းတေးပဒေသာ
- ၁၈:၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ
  - (၁) ရက်သတ္တပတ်ကိုရီးယား (နောင်စစ်သည်)
  - (၂) ကမ္ဘာကျော် ရာဇဝတ်မှုကြီးများ(မောင်သိန်းလွင်) တေးပဒေသာ
- ၁၉:၀၀ နိုင်ငံတကာသတင်း
- ၁၉:၁၀ ဇာတ်လမ်းပမာ နားဆင်စရာ (နှလုံးစိမ်းများ)
- ၁၉:၃၀ သူ့ခေတ်သူ့ခါ တေးကမ္ဘာ နိုင်ငံရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၂၀:၀၀ ပြည်တွင်းသတင်း
- ၂၀:၁၀ တေးစီးရီး(ချစ်အာရုံနဲ့ ပွင့်လာမယ့် မြတ်လေးငုံ-အိုပြည့်ရှင်) စီးပွားရေးဦးတည်ချက်
- ၂၁:၀၀ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်း ကဏ္ဍ
- ၂၁:၁၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ

## ကျောက်ချောခင်း

**ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ရန်မျိုးအောင်- ရုံးတုံးကျေးလက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဌေးနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## မကျီးပင် အလက(ခွဲ) မြတ်ဆရာပူဇော်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

နေပြည်တော်တပ်ကုန်းမြို့နယ် မကျီးပင် အလက(ခွဲ) ကျောင်းသားကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၄ရက် မွန်းလွဲ ၂နာရီက အဆိုပါကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အာစရိယပွဲဖြစ်မြောက်ရေးကော်မတီမှ ဦးမြင့်အောင်၊ မိဘဆရာအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းတို့က အမှာစကားပြောကြားပြီးနောက် ကျောင်းသား ကျောင်းသူဟောင်းများက ကျေးဇူးရှင် ဆရာဆရာမကြီးများအား ပူဇော်ကန်တော့ကြသည်။ ထို့နောက် အပူဇော်ခံ ဆရာ ဆရာမကြီးများ၏ သြဝါဒဆုံးမစကားများ ပြောကြားကြသည်။

(မြို့နယ် ပြန်/ဆက်)

**အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မိုးကောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇန်နဝါရီ ၁၂ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ဇော်လင်းတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



## မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ တောင်ကြီး၌ ကျင်းပ

*တောင်ကြီး ဇန်နဝါရီ ၃၁ (ဖက်စ်)*

*ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ရက်က အဝေရာကုန်းသာယာ၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်း ၆၀မှ အသင်းသား အသင်းသူများနှင့် ရပ်ကွက်အသီးသီးမှ လာရောက်အားပေးသူများ တက်ရောက်ကြသည်။*

*ရှေးဦးစွာ စတုတ္ထအကြိမ် မြန်မာ့ရိုးရာထမနဲပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အဝေရာကုန်းသာယာမုခ်ဦး၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးရန်မျိုးအောင်နှင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက ပြိုင်ပွဲစတင်ကြောင်း သေနတ်ပစ်ဖောက်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများ၏ ထမနဲထိုးပြိုင်ပွဲဝင်မှုကို ကြည့်ရှုအားပေးကြသည်။* ***(တောင်ကြီးကိုယ်ပွား)***

❒ ရှေ့ဖုံးမှ

## ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် လေးကျွန်းစကြာ ရုပ်တော်မူဘုရားကြီး ပထမထပ်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညို ကြသည်။

ဆက်လက်၍ ရုပ်တော်မူဘုရားကြီး ဒုတိယထပ်နှင့် တတိယထပ်တို့ရှိ ဗုဒ္ဓရုပ်ပွားတော်များ၊ သာသနာတော်ဆိုင်ရာ ပန်းချီကားချပ်များကို လှည့်လည်ကြည်ညို ကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးသည် တတိယထပ်ရှိ ရှုရပ်မှနေ၍ မဟာဗောဓိ တစ်ထောင် သာသနာ့နယ်မြေအတွင်းရှိ သာသနိက အဆောက်အအုံများနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု တို့ကို ကြည့်ရှုသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ဘုရားကြီး ရင်ပြင်တော်၌ ဘုရားဖူးလာ ပြည်သူများ အား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် အာရုံခံတန်ဆောင်း၌ ပန်း၊ ရေချမ်းကပ်လှူကြပြီး ရုပ်တော်မူ ဘုရား ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် မဟာဗောဓိတစ်ထောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တနာရဒ သီတင်းသုံးတော်မူခဲ့သည့် ဗုဒ္ဓရွှေကျောင်းသို့ ရောက်ရှိပြီး ပြင်ဦးလွင်မြို့ ကံ့ကော်တစ်ထောင် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသနှင့် ဗောဓိ တစ်ထောင် သာသနာ့နယ်မြေ နာယက ဆရာတော်ငါးပါးတို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

### ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် သမ္ဗုဒ္ဓေကပ်ကျော်စေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်အတွင်းရှိ မင်္ဂလဗုဒ္ဓ ရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညို ကြသည်။

ထို့နောက် စေတီတော်အတွင်းရှိ ဗုဒ္ဓ ရုပ်ပွားတော်များအား လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး က စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိ သူများက လက်ခံကြပြီး ဓမ္မလက်ဆောင် များ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် စေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အလောင်းတော် ရှင်မဟာကဿပမထေရ်လျောင်းတော်မူရုပ်ပွားတော်အား ရွှေသင်္ကန်းကပ်လှူစဉ်။** (သတင်းစဉ်)



**မုံရွာမြို့နယ် မဟာဗောဓိတစ်ထောင် သာသနာ့နယ်မြေရှိ လေးကျွန်းစကြာ ရုပ်တော်မူ ဘုရားကြီးအား ဖူးတွေ့ရစဉ်။** (သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင် များသည် ညနေပိုင်းတွင် မော်တော်ယာဉ် များဖြင့် မုံရွာမြို့သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၀ရက် နံနက် ၉နာရီ မိနစ် ၂၀တွင် ရဟတ်ယာဉ်များဖြင့် မုံရွာခရိုင် ကနီမြို့နယ်ရှိ အလောင်းတော် ကဿပ အမျိုးသားဥယျာဉ်သို့ ရောက်ရှိကြရာ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးအောင်မိုး၊ သစ်တောရေးရာ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ နှင့် အလောင်းတော် ကဿပ အမျိုးသား ဥယျာဉ်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး၊ ဇနီးနှင့်အဖွဲ့ဝင်များသည် အလောင်းတော် ကဿပ စံကျောင်းတော်သို့ ရောက်ရှိကြ ပြီး အလောင်းတော် ရှင်မဟာကဿပ မထေရ် လျောင်းတော်မူရုပ်ပွားတော်အား ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် သစ်သီးများ ကပ်လှူ ပူဇော်ကာ ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ရုပ်ပွားတော်အား ရွှေသင်္ကန်းများ ကပ်လှူကြပြီး ဒုတိယ ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့က အလှူငွေ များကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ ဝင်များက လက်ခံကြပြီး ဓမ္မလက်ဆောင် များကို ပြန်လည် ပေးအပ်ကြသည်။

### ရွှေကြာသင်္ကန်းကပ်လှူ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး နှင့်အဖွဲ့ဝင်များသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြပြီး လျောင်းတော်မူရုပ်ပွားတော်အား ရွှေကြာ သင်္ကန်း ကပ်လှူကြသည်။

ထိုမှတစ်ဆင့် အလောင်းတော် ကဿပလိုဏ်ဂူတော်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးနှင့် နံ့သာတိုင် များ ထွန်းညှိကပ်လှူပူဇော်၍ အလောင်းတော် ရှင်မဟာကဿပမထေရ် ရုပ်ပွားတော်မြတ် အား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ အလောင်းတော် ကဿပလိုဏ်ဂူတော်အား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

### ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် စံကျောင်းတော် ရှေ့မျက်နှာစာ၌ သစ်တောဦးစီးဌာနမှ ဌာန ပိုင်ဆင်များ၏ ဆင်လိမ္မာ ပြကွက်ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး သည် အလောင်းတော်ကဿပ ရင်ပြင် တော်ရှိ ဗောဓိညောင်ပင်ကို ရေစင်သွန်း လောင်းပူဇော်ပြီး သစ်တောဦးစီးဌာန၏ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် ပညာပေးပြခန်းကို ကြည့်ရှုအားပေးရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ပြခန်းအတွင်း ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် နာယကကျောင်းဆောင် ၌ ဗိုလ်ဝင်တောင် ပုပ္ပားကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမန အမှူးပြုသော အလောင်းတော်ကဿပ နာယက ဆရာတော်များအား ဖူးမြော် ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များ ဖြင့် မုံရွာမြို့မှတစ်ဆင့် ညနေပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ လေးကျွန်းစကြာ ရုပ်တော်မူဘုရားကြီး ပထမထပ်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြစဉ်။** (သတင်းစဉ်)

## အေးချမ်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

*ရန်ကုန် ဇန်နဝါရီ ၃၁*

*၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို အေးချမ်းသာယာပြည်မြန်မာ ဟူသော ခေါင်းစဉ် ဖြင့် ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာ အလှအပများ၊ ရိုးရာပွဲတော်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။*

### ပေးပို့ယှဉ်ပြိုင်

*ပြိုင်ပွဲဝင်စည်းကမ်းများမှာ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားကို ၁၀ လက်မ × ၁၄ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံး ပြုနိုင်သည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများဖြင့် ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရ၊ ပြိုင်ပွဲဝင် ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများမဖြစ်ရ၊ ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်၊ ပြိုင်ပွဲကျင်းပ သည့် ဌာနအနေဖြင့် ပြိုင်ပွဲဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်၊ စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယို မှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ မိမိတို့၏ ပြိုင်ပွဲဝင်ဓာတ်ပုံများကို Kodak စက္ကူဖြင့်သာ ကူးယူပေးပို့ယှဉ်ပြိုင်ရမည်ဟူ၍ ဖြစ်သည်။*

### ချီးမြှင့်ပေး

*ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်းငါးသောင်းနှင့် အထူးဆု ကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ် သည်။ ထို့ပြင် အဆိုပါဆုရရှိသူများအား Myanmar Golden Rock ကုမ္ပဏီက ပထမဆုရရှိသူအား(Canon SLR ကင်မရာ EOS-1000D with 18-55mm Lens)၊ ဒုတိယဆုရရှိသူအား(Canon Compact Digital ကင်မရာ LXUS-951S)၊ တတိယ ဆုရရှိသူအား(Canon Compact Digital ကင်မရာ Power Shot A-480)နှင့် အထူး ဆုရရှိသူများအား ငွေသား ကျပ် ၇၀၀၀၀ တန် Canon Showroom တွင် ဈေးဝယ်ခွင့် ကူပွန်များတို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်သည်။*

### နောက်ဆုံးထား

*ပြိုင်ပွဲဝင်ဓာတ်ပုံများကို စက်တင်ဘာ ၃၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ဦးအေးကြွယ် ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်း နှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။*

***(သတင်းစဉ်)***

## ဟေတီ၌ တရုတ်နှင့် အမေရိကန် ပူးတွဲကင်းလှည့်

**ပို့အော်ပရင့်စ် ဇန်နဝါရီ ၃၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး၊ အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် မြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဟေတီနိုင်ငံမြို့တော် ပို့အော်ပရင့်စ်တွင် ဇန်နဝါရီ ၂၈ရက်က ယင်းတို့၏ ပထမဦးဆုံး ပူးတွဲကင်းလှည့်မှုများ စတင်ပြုလုပ်သည်။

**အထောက်အကူ**

ယင်းကဲ့သို့ ကင်းလှည့်ခြင်းသည် ဟေတီ ရဲတပ်ဖွဲ့ဝင်များက လူမှုတည်ငြိမ်ရေး ထိန်းသိမ်းခြင်းနှင့် ရာဇဝတ်မှုကျူးလွန်သည်ဟု မသင်္ကာသူများဖမ်းဆီးခြင်းတို့အတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု သိရသည်။

(အင်တာနက်)

တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်တောင်ပိုင်း ကွမ်ကျိုးမြို့ ရထားဘူတာရုံတွင် အမြန်ရထားတစ်စင်းကို ဇန်နဝါရီ ၃၁ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

## ရုရှားစစ်ရေးဆိုင်ရာ ဂြိုဟ်တုလွှတ်တင် ဂြိုဟ်ပတ်လမ်းအတွင်း အောင်မြင်စွာ ရောက်ရှိ

မော်စကို ဇန်နဝါရီ ၃၁

**ရုရှားနိုင်ငံက ဇန်နဝါရီ ၂၈ရက်တွင် လွှတ်တင်ခဲ့သော စစ်ဘက်ဆိုင်ရာ ဂြိုဟ်တုတစ်စင်းသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာ ရောက်ရှိသွားပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။**

ပရိုတွန်-အမ်အမျိုးအစား အကြီးစား စစ်ပစ္စည်းများသယ်ဆောင်နိုင်သည့် ဒုံးကျည်တင်ဆောင်ထားသော အဆိုပါဂြိုဟ်တုကို ကာဇက်စတန်ရှိ ဘိုင်ကိုနောလ် အာကာသစခန်းမှ မော်စကိုစံတော်ချိန် ၀၃း၁၈အချိန်တွင်လွှတ်တင်လိုက်ခြင်းဖြစ်ကြောင်း၊ ယင်းဂြိုဟ်တုသည် မော်စကိုစံတော်ချိန် ၁၂း၁၉ အချိန်ခန့်တွင် ဒုံးကျည်မှ အောင်မြင်စွာခွဲထွက်သွားကြောင်း အာကာသရေးရာအဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ် အလက်ဇီဇိုလိုတူ ခင်က ပြောကြားသည်။

ဆက်သွယ်မှုများ မှန်မှန်ပြုလုပ်နေပြီး ဂြိုဟ်တုပေါ်ပစ္စည်းများ အဆင်ပြေကောင်းမွန်စွာ လည်ပတ်လျက်ရှိကြောင်းဖြင့်လည်း ထပ်လောင်းပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## တရုတ်၌ ရွှေထုတ်လုပ်မှု မြင့်တက်လာ

**ပေကျင်း ဇန်နဝါရီ ၃၁**

တရုတ်နိုင်ငံ၌ ယခင်နှစ်အတွင်း ရွှေတန်ချိန် ၃၁၃.၉၈တန် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယင်းမှာ ယမန်နှစ်ကထက် ၁၁.၃၄ ၃၄ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း တရုတ် ရွှေလုပ်ငန်းအဖွဲ့က ဇန်နဝါရီ ၃၁ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်းသို့ထုတ်လုပ်နိုင်မှုကြောင့် ကမ္ဘာ့ရွှေထုတ်လုပ်မှု၏ ပထမနေရာကို သုံးနှစ်ဆက်တိုက်ရယူနိုင်ခဲ့သည်။ ၂၀၀၇ခုနှစ်မှစတင်ကာ ရွှေထုတ်လုပ်မှု၌ တရုတ်နိုင်ငံသည် တောင်အာဖရိကနိုင်ငံကိုကျော်တက်ကာ ကမ္ဘာ့အကြီးဆုံး ရွှေထုတ်လုပ်မှုနိုင်ငံအဖြစ် ရပ်တည်ခဲ့ကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

**မွန်ဂိုလီးယားနိုင်ငံ ယူလန်ဘာတာမြို့၌ နှင်းများထူထပ်စွာကျဆင်းနေသည်ကို ဇန်နဝါရီ ၃၀ရက်က တွေ့ရစဉ်။** (အဆိုပါဖြစ်စဉ်ကြောင့် သိုးကောင်ရေ သန်းနှင့်ချီကာ သေဆုံးခဲ့သည်။)

**(ဆင်ဟွာဓာတ်ပုံ)**

## ပစိဖိတ်ကျွန်းနိုင်ငံများ ဂေဟစနစ်ဆိုင်ရာ ဆွေးနွေးပွဲ ကွတ်ကျွန်းစု၌ကျင်းပ

*ဝယ်လင်တန် ဇန်နဝါရီ ၃၁*

*ကွတ်ကျွန်းစုရှိ ရာရိုတွန်ဂါမြို့၌ ကျင်းပသည့် ပစိဖိတ်ကျွန်းနိုင်ငံများမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခေါင်းဆောင်များနှင့် စီမံအုပ်ချုပ်သူတို့ တွေ့ဆုံဆွေးနွေးလျက်ရှိရာ ကမ်းရိုးတန်းဒေသများရှိ ဂေဟစနစ်များအကြောင်းနှင့် ဂေဟစနစ်၏ အခြေခံအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်သည့် သင်တန်းပို့ချရေးဆိုင်ရာတို့ကို ဆွေးနွေးကြောင်း ဇန်နဝါရီ ၂၉ရက်တွင် ကွတ်ကျွန်းစုရှိ သတင်းဌာနက ထုတ်ပြန်ကြေညာသည်။*

*ရာသီဥတုပြောင်းလဲမှုကြောင့် ပစိဖိတ်ကျွန်းနိုင်ငံများ၏ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ဇီဝပြန့်ပြန့်တီးမှု၊ ငါးများသေကျေပျက်စီးမှုများသည် ဂေဟစနစ်ကို ခြိမ်းခြောက်လျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။*

*(အင်တာနက်)*

**ဘူလ်ဂေးရီးယားနိုင်ငံ ပါနစ်ခ်မြို့၌ ဆာဗားအပြည်ပြည်ဆိုင်ရာ ရိုးရာပဒေသာကပွဲ ကျင်းပနေသည်ကို ဇန်နဝါရီ ၃၁ရက်က တွေ့ရစဉ်။** (အဆိုပါကပွဲကို ဇန်နဝါရီ၂၉ရက်မှစတင်ကာ သုံးရက်ကြာကျင်းပခဲ့သည်။) **(ဆင်ဟွာဓာတ်ပုံ)**

## ယီမင်၌ ပဋိပက္ခများ မြင့်မားလာနိုင်ကြောင်း ကုလသမဂ္ဂပြောကြား

**ဆာနား ဇန်နဝါရီ ၃၁**

ယီမင်နိုင်ငံမြောက်ပိုင်း ရှေ့တန်းစစ်မျက်နှာတွင် ယီမင်တပ်ဖွဲ့ဝင်များနှင့် ဟူသီတိုက်ခိုက်ရေးသမားများ စစ်ဆင်နွှဲလျက်ရှိရာ ၎င်းနိုင်ငံ၏ ပဋိပက္ခသည် အရှိန်မြင့်မားလာနိုင်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိပ်ချ်စီအာရ်)က သတိပေးထားသည်။

**ပြောကြား**

စစ်ဆင်နွှဲတိုက်ခိုက်မှုများသည် ဆာနားမြို့နှင့် အနီးပတ်ဝန်းကျင်မှ တဖြည်းဖြည်းချင်း အနောက်မြောက်ပိုင်းဒေသသို့ ပျံ့နှံ့လျက်ရှိသည်ဟု ယူအင်န်အိပ်ချ်စီအာရ်ပြောရေးဆိုခွင့်ရှိသူ အင်ဒရေ့ မာဟီဆစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယင်းကြောင့် ဆာနားမြို့မှ လူ၇၀၀၀ခန့်သည် ဟက်ဂျာပြည်နယ်သို့ အပတ်စဉ်ပုံမှန် ရောက်ရှိနေသည်ဟု အင်ဒရေ့မာဟီဆစ်က ပြောကြားသည်။

**ပဋိပက္ခဖြစ်**

ယီမင်တပ်ဖွဲ့ဝင်များနှင့် ဟူသီတိုက်ခိုက်ရေးသမားများ စစ်ရေးအရ ငါးနှစ်ကြာ ပဋိပက္ခဖြစ်ခဲ့ရာ ပြည်သူ ၂၅၀၀၀၀ခန့် ၎င်းတို့၏အိုးအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ရသည်ဟု ယူအင်န်အိပ်ချ်စီအာရ်က ခန့်မှန်းထားသည်။

**(အင်တာနက်)**

## နယူးဇီလန်နှင့် ဩစတြေးလျသိပ္ပံပညာရှင်များ ဝေလငါးသုတေသနပြုရေး ခရီးထွက်ခွာမည်

***ဝယ်လင်တန် ဇန်နဝါရီ ၃၁***

*နယူးဇီလန်နှင့် ဩစတြေးလျသိပ္ပံပညာရှင်များသည် ဝေလငါးများ သုတေသနပြုရန် အန္တာတိကဒေသသို့ ဖေဖော်ဝါရီ ၁ရက်တွင် စတင်ထွက်ခွာမည်ဖြစ်ကြောင်း၊ ပင်လယ်နို့တိုက်သတ္တဝါများဖြစ်သော အဆိုပါ ဝေလငါးများကိုမသတ်ဘဲ လေ့လာသွားနိုင်သည်ဆိုသည်ကိုလည်း သရုပ်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။*

***ပါဝင်လာ***

*အဆိုပါ သိပ္ပံပညာရှင်များသည် နယူးဇီလန်နိုင်ငံ သုတေသနသင်္ဘော တန်ဂါရိုးဖြင့် ရက်သတ္တခြောက်ပတ်ကြာ သုတေသနပြုကြမည်ဖြစ်ကြောင်း၊ သုတေသနပြုချက်များမှ ရရှိလာသော ရလဒ်များသည် ဂျပန်နိုင်ငံက နှစ်စဉ် ဝေလငါး ၁၀၀၀ခန့် ဖမ်းဆီးသတ်ဖြတ်နေခြင်းနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် သိပ္ပံပညာအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာမည်ဟု မျှော်လင့်ကြောင်း နယူးဇီလန် သတင်းပြန်ကြားရေးအဖွဲ့က ဇန်နဝါရီ ၃၀ရက်၌ သတင်းဖော်ပြသည်။*

***ဖမ်းဆီးသတ်ဖြတ်***

*ဂျပန်နိုင်ငံသည် စီးပွားဖြစ် ဝေလငါးဖမ်းဆီးမှုနှင့် ပတ်သက်၍ ပိတ်ပင်တားမြစ်ထားသည့် ၁၉၈၆ခုနှစ် တားမြစ်ချက်၏ ဟာကွက်ကိုအခွင့်အရေးယူ၍ အန္တာတိကတွင် ဝေလငါးများကို ဖမ်းဆီးသတ်ဖြတ်နေကြခြင်းဖြစ်သည်။ ယင်း ၁၉၈၆ခုနှစ် တားမြစ်ချက်တွင် သုတေသနလုပ်ငန်းများအတွက် ဝေလငါးများကို သတ်ဖြတ်ခွင့်ပြုထားသည်။*

***အမ်အင်န်အေ၊ဆင်ဟွာ***

## အီရတ်၌ အသေခံဗုံးဖောက်ခွဲ နှစ်ဦးသေဆုံး ၂၁ဦးဒဏ်ရာရရှိ

**ဘဂ္ဂဒက် ဇန်နဝါရီ ၃၁**

အီရတ်နိုင်ငံ အလယ်ပိုင်း၌ ဇန်နဝါရီ ၃၀ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ၂၁ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသတွင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဖြစ်ပွား**

ဘဂ္ဂဒက်မြို့တော် မြောက်ဘက် ကီလိုမီတာ ၁၂၀အကွာ ဆာလာဟူဒင် ပြည်နယ်ရှိ စားသောက်ဆိုင်တစ်ခု၌ ယင်းနေ့ ညနေ ၆နာရီ ၁၅မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ထုတ်ပြန်ထား**

ဒေသအာဏာပိုင်များက အသေခံဗုံးခွဲတိုက်ခိုက်မှုကို စုံစမ်းစစ်ဆေးလျက်ရှိကာ ညမထွက်ရအမိန့် ထုတ်ပြန်ထားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်၌ ကားဗုံးပေါက်ကွဲပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး အာဖဂန်နစ္စတန်နိုင်ငံ၌ သေဆုံး

**ကဘူးလ် ဇန်နဝါရီ ၃၁**

အာဖဂန်နစ္စတန်၌ ဇန်နဝါရီ၂၅ရက်က နေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးသွားခဲ့ရာ နှစ်ရက်အတွင်းသေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

**အတည်ပြု**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ ဗုံးပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသည်ဟု သတင်းထုတ်ပြန်ခဲ့သော်လည်း အသေးစိတ်ကိုမူ ထုတ်ပြန်ခြင်းမပြုခဲ့ပေ။ ထို့အပြင် အာဖဂန်တောင်ပိုင်း၌လည်း ဗုံးပေါက်ကွဲထိမှန်သဖြင့် အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်ဟု အိုင်အက်စ်အေအက်ဖ်က အတည်ပြုပြောကြားသည်။

**ဦးဆောင်**

ယခုနှစ် နှစ်ဆန်းပိုင်းမှစ၍ အာဖဂန်၌ နေတိုးဦးဆောင်သည့် တပ်ဖွဲ့ဝင် ၂၀ကျော် သေဆုံးခဲ့ပြီး အများစုမှာ အမေရိကန်တပ်ဖွဲ့ဝင်များဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# Asian Development Tour Air Bagan Myanmar Masters 2010

## ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

Asian Development Tour နှင့် မြန်မာပီဂျီအေတို့မှ ပူးပေါင်းစီစဉ်ပြီး Air Bagan Ltd ·မှ အဓိက ပံ့ပိုးကူညီ၍ Presenting Sponsor အဖြစ် International Beverages Trading Co.,Ltd.(IBTC) မှ ထပ်မံကူညီပံ့ပိုး ကူညီသည့် Air Bagan Myanmar Masters 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့ကို ယနေ့နံနက် ၈နာရီမှစ၍ ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကလပ်တွင် ဆက်လက်ကျင်းပသည်။

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ပထမဆုရ Gavin Flint (သြစတြေးလျ)အား ချန်ပီယံဆုချီးမြှင့်စဉ်။

(ဂေါက်သီးအဖွဲ့ချုပ်)

### အနိုင်ရဗိုလ်စွဲ

ပြိုင်ပွဲအပြီးတွင် Gavin Flint (သြစတြေးလျ)က လေးရက်ပေါင်း ရိုက်ချက် ၂၇၆ချက်ဖြင့် သတ်မှတ် ရိုက်ချက်ထက် ၁၂ချက်လျှော့ရိုက်ကာ အနိုင်ရ ဗိုလ်စွဲသွားခဲ့သည်။ အောင်ဝင်း (မြန်မာ)က လေးရက်ပေါင်းရိုက်ချက် ၂၈၄ချက်ဖြင့် သတ်မှတ် ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ကာ ဒုတိယရရှိသွားပြီး Gebriel Canizares (စပိန်)၊ Lucas Lee (ဘရာဇီး)၊ Akhmal Tarmizee (မလေးရှား)နှင့် Hsu Chia-Jen (တရုတ်တိုင်ပေ)တို့က လေးရက် ပေါင်းရိုက်ချက် ၂၈၆ချက်စီဖြင့် သတ်မှတ် ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ကာ ပူးတွဲ တတိယဆု ရရှိသွားသည်။

### ပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ အဲပုဂံလီမိတက်၊ မြန်မာနိုင်ငံဂေါက်သီး အဖွဲ့ချုပ်နှင့် မြန်မာ ပီဂျီအေဥက္ကဋ္ဌ ဦးတေဇ နှင့် Asian Tour မှ Executive Chairman ဦးကြည်လှဟန်တို့က ကျေးဇူးတင် စကားများပြောကြားကြသည်။ ထို့နောက် ဆုများချီးမြှင့်ရာ မြန်မာနိုင်ငံဂေါက်သီး အဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက အပျော်တမ်းအဆင့်တွင် ပထမရရှိခဲ့သည့် စိုးမိုးဝင်းအား ဆုတံဆိပ် ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီး အဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက ပူးတွဲတတိယရရှိသည့် Gabriel Canizares (စပိန်), Lucas Lee (ဘရာဇီး), Akhmal Tarmizee (မလေးရှား)နှင့် Hsu ChiaJen (တရုတ်တိုင်ပေ)တို့အား ဆုတံဆိပ်ကိုလည်းကောင်း International Beverages Trading Co.,Ltd. Executive Director ဦးတင့်ဦးကဒုတိယဆုရရှိသည့် အောင်ဝင်း (မြန်မာ)အား ဆုတံဆိပ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ပထမဆုရ Gavin Flint (သြစတြေးလျ)အား ချန်ပီယံ ဆုတံဆိပ်ပေးအပ်ချီးမြှင့်ပြီး အဲပုဂံလီမိတက်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးတေဇက Gavin Flint အား ဆုငွေ အမေရိကန်ဒေါ်လာ ၁၅၀၀၀ ကိုပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အဲပုဂံလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးထူးသက်ထွေးက ပန်းလှိုင်ဂေါက်ကလပ်ကို အမှတ်တရလက်ဆောင် ပေးအပ်ပြီး Asian Tour မှ Executive Chairman ဦးကြည်လှဟန်က ပန်းလှိုင်ဂေါက်ကလပ်မှ ဦးကျော်ပိုင်အား အမှတ်တရလက်ဆောင် ပေးအပ်သည်။

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် Air Bagan Ltd·က အဓိကကူညီပံ့ပိုးပြီး Presenting Sponsor အဖြစ် International Beverages Trading Co., Ltd. (IBTC) က ထပ်မံကူညီ ပံ့ပိုး ပေးကာ Max Myanmar, Pun Hlaing Golf Club, Hotel Yangon, MGF, MPGA တို့ကလည်းထပ်မံကူညီ ပံ့ပိုးပေးကြောင်းသိရသည်။ ၂၀၁၀ မြန်မာ အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၀ ခုနှစ် ဧပြီလ ၈ရက်မှ ၁၁ရက်အထိ ရန်ကုန်မြို့ရှိ ပန်းလှိုင်ဂေါက်ကလပ်တွင် ကျင်းပမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

Air Bagan Ltd. မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ ဥက္ကဋ္ဌဦးတေဇ ပထမဆုရ Gavin Flint (သြစတြေးလျ)အား ဆုကြေးငွေ ချီးမြှင့်စဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

---

မြန်မာ့အလင်း ဖောင်ပိတ်ပရီမီယာလိဂ်သတင်း

# မန်ယူတို့အဝေးကွင်း၌ အာကြီးကို အနိုင်ရ တိုက်စစ်မှူးရွန်နေဂိုး၁၀၀မြောက် သွင်းယူနိုင်

မြင့်မောင်စိုး-စုစည်းသည်

လန်ဒန် ဇန်နဝါရီ ၃၁

ပရီမီယာလိဂ်ပွဲစဉ် (၂၄)လက်ကျန် ပွဲအဖြစ် မန်စီးတီးက အိမ်ကွင်း၌ ပို့စ်မောက်အသင်းကို လက်ခံကစားခဲ့ရာ မန်စီးတီးက နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး အမှတ်ပေးဇယား စတုတ္ထနေရာသို့ ချဉ်းကပ်လာသည်။

ပွဲစသည်နှင့် နှစ်သင်းစလုံး လျင်လျင် မြန်မြန် ထိုးဖောက်ကစားခဲ့ကြရာ ပွဲချိန် မိနစ် ၄၀တွင် စတီဗင်အိုင်ယာလန် ဖြတ်တင်ဘောမှတစ်ဆင့် မန်စီးတီး တိုက်စစ်မှူး အဒီဘာယောက ပို့စ်မောက် ပယ်နယ်တီဧရိယာအစပ်မှ ကန်သွင်း လိုက်ရာ ပို့စ်မောက်ဂိုးသမား၏ ညာဘက် အပေါ်ထောင့်ထဲသို့ ဂိုးဝင်သွားခဲ့သည်။

### ချေပဂိုး

မန်စီးတီးအတွက် ဒုတိယဂိုးကို တော့ ယင်းဂိုးသွင်းပြီး မကြာမီ မန်စီးတီးကစားသမား ကွန်ပါနီက ခေါင်းတိုက်ဂိုးဖြင့် သွင်းယူခဲ့သည်။ ပို့စ်မောက်တို့ ဒုတိယပိုင်းတွင် ချေပဂိုး သွင်းယူနိုင်ရေး အကြိတ်အနယ် ကြိုးစား ခဲ့သော်လည်း ဂိုးသွင်းခွင့်များ လွဲချော် ခဲ့သဖြင့် ချေပဂိုးနှင့် ဝေးခဲ့ရသည်။

### အာဆင်နယ်-မန်ယူ

ပရီမီယာလိဂ် ထိပ်သီးအာဆင်နယ် နှင့် မန်ယူတို့တွေ့ဆုံပွဲတွင် အကြိတ် အနယ် ယှဉ်ပြိုင် ကစားခဲ့ကြသည်။

ပွဲစသည်နှင့် အနိုင်ဂိုးသွင်းနိုင်ရေး အပြန် အလှန် ထိုးဖောက်ကစားခဲ့သည်။ မန်ယူတို့ အဝေးကွင်း ကစားခဲ့ရသော်လည်း ကစား ကွက်မြိုင်သည်။ သို့သော် အာဆင်နယ် ကလည်းကောင်းသည်။ တိုက်စစ်မှူး အာရှာဗင် ကန်သွင်းချက်များ ဂိုးပေါက် တည့်လျှင် အာဆင်နယ်က အဖွင့်ဂိုးသွင်းယူ လိမ့်မည်ဟု ထင်ခဲ့ရသည်။

### အဖွင့်ဂိုး

သို့သော် ပွဲချိန် ၃၃မိနစ်တွင် မန်ယူ ဂိုးသမား ဗန်ဒါဆာ ကန်တင်သည့် ဘောလုံး နာနီရသွားပြီး ကန်သွင်းရာ အာဆင်နယ်ဂိုး သမား အယ်လ်မူနီယာလက်နှင့်ထိပြီး ဂိုးဝင်သွားသဖြင့် မန်ယူတို့ အဖွင့်ဂိုးရရှိ သွားသည်။

ယင်းဂိုးကြောင့် မန်ယူကစားကွက် မြိုင်လာသည်။ လျှပ်တစ်ပြက် ထိုးဖောက် လာသော မန်ယူတိုက်စစ်မှူးများ၏ ကစားကွက်အတွင်း အာဆင်နယ် ခံစစ် မှူးများ အငိုက်မိသွားသည်။ ပွဲချိန် ၃၇ မိနစ်တွင် အီဗရာ ကန်တင်ပေးသော ဘောလုံးမှတစ်ဆင့် တိုက်စစ်မှူး ရွန်နေ က ဂိုးဧရိယာအတွင်းမှ ကန်သွင်းခဲ့ရာ ဘောလုံးမှာ အာဆင်နယ် ဂိုးပေါက် ဝဲ ဘက် အောက်ထောင့်ထဲသို့ တန်းဝင်သွား ခဲ့သည်။ ယင်းဂိုးသည် ရွန်နေ၏ ပရီမီယာလိဂ် ဂိုး၁၀၀မြောက်ဖြစ်သည်။

ပရီမီယာလိဂ် ဂိုး၁၀၀မြောက် သွင်းယူပြီး ရွန်နေ ဤသို့ အောင်ပွဲခံခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

ဒုတိယပိုင်းတွင် မန်ယူတို့ ဆက်လက် တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၅၂မိနစ်တွင် တိုက်စစ်မှူး ပတ်ဂျီဆန်က မန်ယူအတွက် တတိယ အနိုင်ဂိုး သွင်းယူခဲ့သည်။ အာဆင်နယ်တို့ ချေပဂိုးသွင်းနိုင်ရေး အကြိတ်အနယ် တန်ပြန်တိုက်စစ်ဆင် ကစားခဲ့ရာ မိနစ်၈၀တွင် အာဆင်နယ် နောက်တန်းမှ ဗာမေလန်က ချေပဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ပွဲအပြီး မန်ယူက အာဆင်နယ် အိမ်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မန်ယူတို့ ယင်းအနိုင်ပွဲကြောင့် ၂၄ပွဲ ကစားပြီး ရမှတ် ၅၃မှတ်ဖြင့် အမှတ် ပေးဇယား ဒုတိယနေရာတွင် ရှိနေသည်။ ချယ်လ်ဆီးက၂၃ပွဲ ကစားပြီး ရမှတ် ၅၄မှတ်ဖြင့် ဦးဆောင်နေသည်။ အာဆင်နယ်က ၂၄ပွဲကစားပြီး ၄၉ မှတ်ဖြင့် တတိယနေရာ၌ ရပ်တည်လျက် ရှိသည်။ ॥ **(အင်တာနက်)**



**ထိုးဖောက်**

**မန်စီးတီး တိုက်စစ်မှူး အဒီဘာယော (ဝဲ) ၏ ထိုးဖောက် ကစားဟန်။**

(အင်တာနက်ဓာတ်ပုံ)

---

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

### ကမ္ဘောဒီးယားသင်္ဘော ဆိုမာလီတရားရုံးက ထိန်းသိမ်းထား

*ဆိုမာလီပင်လယ်ဓားပြများ ဖမ်းဆီးထားသည်ဟု သတင်းရရှိထားသော ကမ္ဘောဒီးယား ကုန်တင်သင်္ဘောတစ်စင်းကို ဆိုမာလီယာနိုင်ငံအနောက်မြောက်ပိုင်းရှိ ဒေသဆိုင်ရာတရားရုံးက ထိန်းသိမ်းထားကြောင်း ဇန်နဝါရီ ၃၀ရက်တွင်ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်၌ ဖော်ပြထားသည်။*

### အာရှတွင် အကြီးဆုံး ဒေလီကမ္ဘာ့စာအုပ်ပြပွဲ ကျင်းပ

***နှစ်နှစ်တစ်ကြိမ်ကျင်းပသော (၁၉)ကြိမ်မြောက် ဒေလီကမ္ဘာ့စာအုပ်ပြပွဲကို နယူးဒေလီမြို့တွင် ဇန်နဝါရီ ၃၀ ရက်က စတင်ဖွင့်လှစ်သည်။ ယင်းပြပွဲကို ကိုးရက်ကြာ ကျင်းပမည်ဖြစ်ပြီး အာရှတိုက်တွင် အကြီးဆုံးစာအုပ်ပြပွဲဟု ယူဆရပြီး ပြပွဲတွင် ပြည်တွင်းပြည်ပမှ ထုတ်ဝေသူ ၁၂၀၀တို့ လာရောက်ခင်းကျင်းပြသသည်။***

### ဟေတီပြန်လည်ထူထောင်ရေး ဝိုင်းဝန်းအားပေး

*ဇန်နဝါရီ ၁၂ရက်က ဟေတီနိုင်ငံတွင် မြေငလျင်အကြီးအကျယ်လှုပ်သွားခဲ့ပြီးနောက် ဟေတီနိုင်ငံ ပြန်လည်ထူထောင်နိုင်ရေးအတွက် ဟေတီအစိုးရက ရေးဆွဲခဲ့သည့် လယ်ယာကဏ္ဍအတွက် အမေရိကန်ဒေါ်လာသန်း ၇၀၀ ရင်းနှီးမြှုပ်နှံရေးအစီအစဉ်ကို ထောက်ခံအားပေးကြရန် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က နိုင်ငံတကာအလှူရှင်များကို ဆော်သြထားသည်ဟု သတင်းရရှိသည်။*

### ကနေဒါ၌ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချမည်

*ကနေဒါနိုင်ငံသည် ၂၀၂၀ပြည့်နှစ်တွင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၀၅ခုနှစ်က ရှိခဲ့သောအဆင့်မှ ၁၇ရာခိုင်နှုန်းလျှော့ချသွားမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးက ဇန်နဝါရီ ၃၀ရက်၌ပြောကြားသည်။*

### ကုလသမဂ္ဂ၏အစီရင်ခံစာ ပါလက်စတိုင်းတုံ့ပြန်

***ပါလက်စတိုင်း အမျိုးသားအာဏာပိုင်အဖွဲ့(ပီအင်န်အေ)သည် ဂါဇာကမ်းမြောင်ဒေသကို လွန်ခဲ့သည့်ဆောင်းရာသီက အစ္စရေးတို့ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ခြင်းနှင့် ပတ်သက်သည့် ကုလသမဂ္ဂအချက်အလက် ရှာဖွေစုဆောင်းရေးဆိုင်ရာ အစီရင်ခံစာကို တုံ့ပြန်သည့်အနေဖြင့် ကုလသမဂ္ဂသို့ ယင်း၏ပဏာမအစီရင်ခံစာကို ဇန်နဝါရီ ၃၀ရက်က တင်သွင်းလိုက်ပြီဖြစ်သည်။***

### လစ်ဗျားနိုင်ငံသို့ ရုရှားမှလက်နက်များ ပေးပို့မည်

*ရုရှားနိုင်ငံသည် လစ်ဗျားနိုင်ငံသို့ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁ဒသမ၈ဘီလီယံ တန်ဖိုးရှိ လက်နက်များ ပေးပို့မည်ဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က ဇန်နဝါရီ ၃၀ ရက်တွင် ပြောကြားသည်။ ယင်းလက်နက်များပေးပို့ရေး သဘောတူစာချုပ်ကို ဇန်နဝါရီ ၂၉ရက်က ချုပ်ဆိုခြင်းဖြစ်သည်။*

### ရင်းနှီးမြှုပ်နှံရေးဖိုရမ် ဆော်ဒီလက်ခံကျင်းပမည်

***ဆော်ဒီအာရေဗျနိုင်ငံသည် ဧပြီ ၂၄ရက်နှင့်၂၅ရက်တို့တွင်ကျင်းပမည့် ပင်လယ်ကွေ့-အာဖရိက ရင်းနှီးမြှုပ်နှံရေးဖိုရမ်ဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ဆော်ဒီသတင်းပြန်ကြားရေးအေဂျင်စီက ဇန်နဝါရီ ၃၀ရက်၌ သတင်းထုတ်ပြန်သည်။***

### သက်တမ်း၅၀ကျော်အဆောက်အအုံများ စစ်ဆေးမည်

***ဟောင်ကောင်တွင် သက်တမ်းအားဖြင့် နှစ် ၅၀နှင့်အထက် ရှိနေပြီဖြစ်သည့် အဆောက်အအုံ ၄၀၀၀ ခန့်ကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ပြည့်ပြည့်စုံစုံစစ်ဆေးသွားမည့် အစီအစဉ်ကို တစ်လအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသအစိုးရက ဇန်နဝါရီ ၃၀ရက်၌ ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြထားသည်။ ဟောင်ကောင်တွင် အဆောက်အအုံတစ်လုံး ပြိုကျပျက်စီးခဲ့ပြီးနောက် ယင်းကဲ့သို့သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။*** *(အောက်ပုံ)*

### အင်ဒိုနီးရှားတပ်ဖွဲ့၏လက်နက်ဟောင်းများ အစားထိုးမည်

*အင်ဒိုနီးရှားတပ်ဖွဲ့တွင် အသုံးပြုရန် မသင့်တော်တော့သည့်အပြင် တပ်ဖွဲ့ဝင်များအား အန္တရာယ်ပြုနိုင်သည့် ဟောင်းနွမ်းနေပြီဖြစ်သော လက်နက်အားလုံးကို အင်ဒိုနီးရှားတပ်ဖွဲ့က တဖြည်းဖြည်းချင်း အစားထိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားတပ်ဖွဲ့ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂျော့တွိုင်ဆုတာက ပြောကြားကြောင်း အန်တာရာသတင်းဌာနက ဇန်နဝါရီ ၃၀ရက်၌ ဖော်ပြသည်။* **(အင်တာနက်)**

# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မိုးညှင်းမြို့ အော်တိုအိတ်ချိန်း စစ်ဆေး

## ကျေးရွာများ ဆက်သွယ်ပြောဆိုမှု ပိုမိုကောင်းမွန်ရေး ဖြည့်ဆည်းပေး

နေပြည်တော် ဇန်နဝါရီ ၃၁

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဇန်နဝါရီ ၂၉ရက်တွင် ကချင်ပြည်နယ် မော်ဟန်မြို့ အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။**

**ဖြည့်ဆည်းဆောင်ရွက်**

ထိုမှတစ်ဆင့် ပင်းဟဲ ကျေးလက်အိတ်ချိန်းကို စစ်ဆေးပြီး ကျေးရွာများ ဆက်သွယ်ပြောဆိုမှု ပိုမိုကောင်းမွန်စေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**စစ်ဆေး**

ဝန်ကြီးသည် ဇန်နဝါရီ ၃၀ရက်တွင် မိုးညှင်းမြို့ အော်တိုအိတ်ချိန်း၊ ဟိုပင်မြို့ အော်တိုအိတ်ချိန်းနှင့် ပင်းဘော အော်တိုအိတ်ချိန်းတို့ကို စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် နေပြည်တော်သို့ရောက်ရှိပြီး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ဆွေးနွေး မှာကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အင်ဂျင်နီယာချုပ်များနှင့် ပြည်နယ်နှင့်တိုင်း မန်နေဂျာများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၂-၂၀၁၀
(တနင်္လာနေ့)
**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ အောင်တော်မူ
စောမင်းနောင်၊ စိုင်းညိုမင်း
(တေးရေး-
ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၀၀ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈:၁၅ ၆။ အဆိုပြိုင်ပွဲ
၈:၃၀ ၇။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၈။ International News
၈:၄၅ ၉။ အကပဒေသာ
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
(မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခြင်း)
၄:၂၀ ၃။ လက်ဆင့်ကမ်းပေး ဂီတတေး
၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၄၀ ၅။ မြန်မာစာ၊ မြန်မာစကား
၄:၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်
(သတ္တဗေဒအထူးပြု)
(သတ္တဗေဒ)
၅:၁၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၅ ၈။ သုရွှေသီရာ တေးကဗျာ
၅:၃၀ ၉။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၄၀ ၁၀။ စူပါတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်**
(အပိုင်း-၃၀)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ**
(အပိုင်း-၂၁)
၁၉။ **သုခုမရင်ပြင်**
၂၀။ အစီအစဉ်ပြီး၏။

### အော်တိုအိတ်ချိန်းစက်ခန်း

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မိုးညှင်းမြို့ အော်တိုအိတ်ချိန်းစက်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# အနုပညာရုပ်ဝန်းမှ အကယ်ဒမီ ရင်ခုန်သံများ

တွေ့ဆုံမေးမြန်းသူ-စုမြတ်နိုင်နှင့် အေးသဇင်မြင့်(သတင်းအတတ်ပညာ) ➤ ဓာတ်ပုံ-ခိုင်ဇင်သက်(သတင်းအတတ်ပညာ)

ရန်ကုန် ဇန်နဝါရီ ၃၁

**ရုပ်ရှင်လောကသားများအတွက် ရုပ်ရှင်နှစ် တစ်နှစ် ကုန်ဆုံးခဲ့ပေပြီ။ ပြည်သူအများ မျှော်လင့်စောင့်စားနေကြသည့် ၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲကြီးလည်း နီးကပ်လာပြီဖြစ်ရာ အနုပညာချစ်ပရိသတ်များသာမက အနုပညာရှင်တို့ကိုယ်တိုင်လည်း ရင်ခုန်နေကြတော့မည်။ ရုပ်ရှင်အနုပညာရှင်တို့၏ အမြင့်ဆုံးဆုသည် နိုင်ငံတော်ကချီးမြှင့်သော မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ဖြစ်သည်။ ပရိသတ်ကြီးကလည်း မိမိတို့ ချစ်ခင်သော အနုပညာရှင်ကို အကယ်ဒမီခေါ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ရရှိစေချင်သည်။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီး နီးလာလေ အားလုံးရင်ခုန်ရလေဖြစ်သည်။ ထို့ကြောင့် အနုပညာရှင်တို့၏ အကယ်ဒမီရင်ခုန်သံတို့ကို အနုပညာ ပရိသတ်ကြီး ကြားသိနိုင်စေရန် သတင်းအတတ်ပညာ(နောက်ဆုံးနှစ်) သင်တန်းသူများက အောက်ပါအတိုင်း ကွင်းဆင်းတွေ့ဆုံ မေးမြန်းခဲ့သည်-**

*ယမန်နေ့ကအဆက်*

**ဦးမြင့်သိန်းဖေ**

**ဥက္ကဋ္ဌ (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)**

“အကယ်ဒမီဆိုတာ အရပ်အခေါ်ပါ။ အမေရိကန်မှာ အကယ်ဒမီပွဲကျင်းပတယ်

**“ဆုဆုံးဖြတ်ရာမှာ သဘာဝကျမှုကို အဓိကထား ဆုံးဖြတ်ပါတယ်”**
ဦးမြင့်သိန်းဖေ
ဥက္ကဋ္ဌ
(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)

ဆိုတဲ့အတွက် ဒီမှာ ရုပ်ရှင်ထူးချွန်ဆုပေးတဲ့အခါ အကယ်ဒမီလို့သုံးကြတာပါ။ အမှန်တော့ အသုံးအမှန်က မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့က ချီးမြှင့်တဲ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပါ။ ထူးချွန်ဆုကို ဇန်နဝါရီ ၁ရက်ကနေ ဒီဇင်ဘာ ၃၁ရက်အထိ တစ်နှစ်တာကာလအတွင်း ဆင်ဆာအဖွဲ့က ခွင့်ပြုပြီး ရုပ်ရှင်ရုံတွေမှာ ပြသတဲ့ကားတွေကို အကဲဖြတ်အဖွဲ့က ကြည့်ပြီး နိုင်ငံတော်က သတ်မှတ်ထားတဲ့ သက်ဆိုင်ရာ ဆုများကို အကဲဖြတ်ချီးမြှင့်ပေးခြင်းပဲဖြစ်ပါတယ်။ ၂၀၀၈ခုနှစ် ကားအမျိုးအစားတွေမှာ ဟာသကားတွေ များပါတယ်။ ဒရာမာ ဇာတ်လမ်း ဇာတ်ကွက်ပါတဲ့ကားတွေလည်း ပါပါတယ်။ ဆုဆုံးဖြတ်ရာမှာ သဘာဝကျမှုကို အဓိကထား ဆုံးဖြတ်ပါတယ်။ အားလုံးကတော့ ကောင်းကြပါတယ်။”

**“မြန်မာပရိသတ်အနေနဲ့ မြန်မာကားကို မြန်မာလိုအားရပါတယ်”**
စာရေးဆရာ ချစ်ဦးညို
ဒုတိယဥက္ကဋ္ဌ
(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)

**စာရေးဆရာ ချစ်ဦးညို**

**ဒုတိယဥက္ကဋ္ဌ**

**(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)**

“ဒီနှစ်ပွဲမှာ ဇာတ်ညွှန်းအလွှာ ဥက္ကဋ္ဌအနေနဲ့လည်း တက်ရောက်ရမှာပါ။ ကြိုးတန်းနဲ့ ငယ်သူမို့မသိပါကို ကြိုက်ပါတယ်။ ကြိုးတန်းမှာဆိုရင် ဇနီးမောင်နှံနှစ်တွဲ ရန်ဖြစ်တဲ့အခန်းကို ကြိုက်ပါတယ်။ဇာတ်သိမ်းကိုတော့ သိပ်အားမရဘူး။ ဒီထက်ပိုပြီး ထိထိမိမိလေး သိမ်းချင်ပါတယ်။ အကယ်ဒမီကို မှန်းရတာတော့ အထင်နဲ့ အမြင်က များသောအားဖြင့် လွဲတတ်ပါတယ်။ ပြောလိုက်လို့ မှန်သွားရင် အံ့သြစရာ မရှိပေမယ့် လွဲသွားရင် ဘာတွေလျှောက်ပြောနေသလဲဆိုတာ ဖြစ်သွားနိုင်တယ်။ တော်တဲ့သူတော့ ရမှာပါ”။

**“ဆရာတီးတဲ့ကားထဲက နှစ်ကား ဆန်ခါတင် ပါတယ်လို့ ကြားရပါတယ်”**
ဦးခင်မောင်ကြီး (ဂီတမှူး)

**ဂီတမှူး ဦးခင်မောင်ကြီး**

“ဆရာတီးထားတာကတော့ ဒီနှစ် ၁၂ကားမှာ ခြောက်ကား တီးထားပါတယ်။ ဆရာတီးတဲ့ ကားထဲက နှစ်ကား ဆန်ခါတင်ပါတယ်လို့ ကြားရပါတယ်။ အများနဲ့ မသက်ဆိုင်သောသူနဲ့ ငယ်သူမို့မသိပါဆိုတဲ့ နှစ်ကားပါ။ မြန်မာကားတွေနဲ့ ပိုပြီးအပ်စပ်တာက အများနဲ့မသက်ဆိုင်သောသူက ပိုပြီး ပီပီပြင်ပြင်ရှိပါတယ်။ အကြိုက်ဆုံးအခန်း သုံးခန်း ရှိပါတယ်။ တစ်ခန်းမှာ မခိုင်ကြီးက သူ့မတ် ခန့်စည်သူဆုံးသွားပြီဆိုပြီး ပြန်မြင်တဲ့အခန်းပါ။ အဲဒီအခန်းမှာ မြန်မာတယောသံနဲ့ ဒရမ်တွေ၊ ဗုံတွေနဲ့ ပြန်ပြီး ဆန်းသစ်ထားတာလေးပါ။ ရုပ်က လွမ်းနေတယ်၊ စိတ်ကလှုပ်ရှားနေတယ်။ အဲဒီမှာ တယောက မြန်မာလိုလွမ်းတယ်၊ နောက်က ဒရမ်တွေ၊ ဗုံတွေက စိတ်လှုပ်ရှားမှုကို ဖော်ပေးတယ်။ နောက်တစ်ခန်းက အသုဘချတဲ့အခန်း။ အသုဘကို ထမ်းချတယ်။ အချို့က ဒါကို ဗျိုင်းတောင်မဟုတ်ဘူးလို့ ထင်တယ်။ ဒါကဗျိုင်းတောင်ပဲ။ တော်တော်များများ မေ့လျော့နေတဲ့၊ မကြားဖူးတဲ့ ဗျိုင်းတောင်။ အသုဘထမ်းချမှ တီးခွင့်ရတာ။ ချဆိုင်းလို့ခေါ်တယ်။ နောက်တစ်ခုက Title မှာ မြန်မာသံစဉ်ပဲ။ နည်းနည်းလေးထူးခြားတဲ့ မြန်မာသံစဉ်။ Title နဲ့လည်း ညီညွှတ်ရမယ်။ မြန်မာသံစဉ်ကိုလည်း ဆန်းသစ်ရအောင်ပါ။ ဆန်းသစ်တယ်ဆိုပြီး ဖျက်လို ဖျက်ဆီးလည်း မဖြစ်ရအောင် ပြုလုပ်ထားပါတယ်။ အကယ်ဒမီရင်ခုန်သံကတော့ ကြိုးစားထားပါတယ်။ ပေးရင်တော့ ကောင်းတာပေါ့။”

**လှိုင်းဇာနည်ဇော်(သရုပ်ဆောင်)**

“အကယ်ဒမီပေးပွဲကို တက်ဖို့တော့ စိတ်ကူးထားပါတယ်။ နှစ်တိုင်းလည်း တက်ဖြစ်ပါတယ်။ ဇာတ်ကားတွေကို အကုန်လုံးမဟုတ်ရင်တောင် တော်တော်များများတော့ ကြည့်ဖြစ်ပါတယ်။ အားလုံးလည်း ကောင်းကြပါတယ်။ သတင်းတွေကြားနေရတာကတော့ အများကြီးပါပဲ။ လူကြီးတွေတော့ မသိဘူး၊ ကိုယ်တိုင်တော့ ဝေခွဲရခက်နေတယ်။ ဟိုကားကြည့်တော့လည်း ကောင်း၊ ဒီကားကြည့်တော့လည်း ကောင်းနေပါတယ်။ ကြည့်ရတဲ့ကားတွေထဲမှာ မခိုင်၊ မစိုးတို့ ကောင်းပါတယ်။ အားလုံးကိုတော့ ရစေချင်ပါတယ်။ ကြိုးတန်းမှာဆိုရင် ဝါရင့်တွေချည်း သရုပ်ဆောင်ကြတာ ကောင်းကြတယ်။ အကယ်ဒမီဆိုတာ အနုပညာသမားတွေအတွက် အထွတ်အထိပ် အလိုချင်ဆုံးအရာပါ။ လုပ်ဖော် ကိုင်ဖက် မောင်နှမတွေအတွက် ရင်ခုန်ပေးတာပါ။”

**“လူကြီးတွေတော့ မသိဘူး။ ကိုယ်တိုင်တော့ ဝေခွဲရခက်နေတယ်”**
လှိုင်းဇာနည်ဇော်
(သရုပ်ဆောင်)

**ခင်မို့မို့အေး (သရုပ်ဆောင်)**

“အသံတွေကြားနေရပေမယ့် ဆုရတော့မှ ရတယ်လို့ပြောရမှာပါပဲ။ သွားတာတော့ ရုပ်ရှင်အစည်းအရုံးက စီစဉ်ပေးတဲ့ကားနဲ့ သွားမှာပါ။ ရတော့မှပဲ ရင်ခုန်ရမှာပါ။ အခုချိန်တော့ ရွတ်ဖတ်နေရပါတယ် (ရယ်လျက်)။ ကြားတာတော့ အများကြီးပဲ။ ကိုနေတိုးလည်း ကြားတယ်၊ ကိုခန့်စည်သူ၊ ကိုနိုင် (ကျော်ရဲအောင်)၊ ကြိုးတန်းက ဒါရိုက်တာမီးပွား၊ စိုးစိုး၊ မခိုင်ကြီးတို့ကိုလည်းကြားတယ်။ ဘယ်သူလို့ ထင်တာထက် အနုပညာသမားတွေရဲ့ မှတ်တိုင်လည်းဖြစ်တဲ့ အသိအမှတ်ပြုခြင်းခံရတဲ့ အကယ်ဒမီကို အားလုံးရစေချင်ပါတယ်။”

**“ရတော့မှပဲ ရင်ခုန်ရမှာပါ။ အခုချိန်တော့ ရွတ်ဖတ်နေရပါတယ်”**
ခင်မို့မို့အေး
(သရုပ်ဆောင်)

**ရဝေအောင် (သရုပ်ဆောင်)**

“အကယ်ဒမီက မြင်းမိုရ်ထက်က သရဖူ၊ ကြိုးတန်း၊ အများနဲ့မသက်ဆိုင်သောသူ အဲဒီကားတွေ ရမယ်ထင်ပါတယ်။ ကိုခန့်၊ မမို့၊ ထွန်းအိန္ဒြာဗိုတို့ ရမယ်ထင်ပါတယ်။ အားလုံးကိုလည်း ရစေချင်ပါတယ်။ သရုပ်ဆောင်မှုတွေ အားလုံးကောင်းပါတယ်။ အကယ်ဒမီဆိုတာ ထူးချွန်တဲ့သူတွေကို ပေးတာဆိုတော့ ထူးချွန်တဲ့သူတွေ ရကြမှာပါ။ အနုပညာရှင် မောင်နှမတွေအားလုံး ရင်ခုန်ရတဲ့ပွဲလေးပါ။ နိုင်ငံတော်က အသိအမှတ်ပြုတဲ့ ဆုချီးမြှင့်ပွဲလည်း ဖြစ်ပါတယ်။ တက်ရောက်ခွင့်ရတာကိုလည်း ဂုဏ်ယူမိပါတယ်။”

**“အားလုံးရတော့ ကောင်းပါတယ်။ အားလုံးရတော့ ဝမ်းသာတာပေါ့”**
ဖိုးသောကြာ
(သရုပ်ဆောင်၊ အဆိုတော်)



**ဖိုးသောကြာ (သရုပ်ဆောင်၊ အဆိုတော်)**

“အကယ်ဒမီပေးပွဲ တက်ဖြစ်ဖို့တော့ မသေချာပါဘူး။ နှစ်တိုင်းတော့ တက်ဖြစ်ပါတယ်။ သီချင်းဆိုဖို့တော့ နာမည်ထည့်ထားတယ် ပြောတယ်။ အကယ်ဒမီက ဘယ်သူရရပါ။ အကုန်ရတော့ ဝမ်းသာတာပေါ့။ ဇာတ်ကားတွေ အကုန်ကြည့်ဖြစ်ပါတယ်။ အကယ်ဒမီကတော့ မမှန်းတတ်ပါဘူး”။ ။

**(မြန်မာ့အလင်း)**

**“အကယ်ဒမီဆိုတာ ထူးချွန်တဲ့သူတွေကို ပေးတာဆိုတော့ ထူးချွန်တဲ့သူတွေ ရကြမှာပါ”**
ရဝေအောင်
(သရုပ်ဆောင်)

# သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများအကျိုးရှိစွာအသုံးချ လုပ်ငန်းတာဝန်များ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်

**ရန်ကုန်   ဇန်နဝါရီ   ၃၁**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ရုံးခွဲ စုပေါင်းခန်းမ၌ ရန်ကုန်တိုင်းအတွင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနများမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အထက်အဆင့်အရာထမ်းများအား တွေ့ဆုံသည်။

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ ဌာနစု၊ ဌာနခွဲတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အထက်အဆင့်အရာထမ်းများက ဌာနအလိုက် လုပ်ငန်းလျာထားရည်မှန်းချက်၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

## မှာကြား

ထို့နောက် ဝန်ကြီးက စီမံခန့်ခွဲရေး အရာထမ်းများသည် နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်ကို နားလည်သဘောပေါက်ပြီး ရည်မှန်းချက်ပြည့်မီရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို အကျိုးရှိစွာ အသုံးချကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်များအားတွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမှာစကားပြောကြား

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ရန်ကုန်တိုင်းအတွင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အထက်အဆင့် အရာထမ်းများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

## ကွန်ဟိန်းနှင်းဆီလမ်း ကတ္တရာလမ်းခင်း

ကွန်ဟိန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မိုးခိုင်နှင့် အဖွဲ့က နှင်းဆီလမ်းကတ္တရာလမ်းခင်းခြင်းလုပ်ငန်းအတွက် လိုအပ်သော ကျောက်များ ကြိတ်ခွဲခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်က ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

# ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၃)ထွက်ပြီ

**ရန်ကုန်   ဇန်နဝါရီ   ၃၁**

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၃)ကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁ရက်တွင် ထုတ်ဝေလိုက်သည်။

ယခုအပတ်ဂျာနယ်တွင် မြန်ပြည်တစ်ခွင် နွေစပါးစိုက်ဖို့ပြင်ဆင်၊ ဗီဇပြုပြင်သီးနှံများအပေါ် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ လေ့လာဆန်းစစ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်း၊ မြေဆီလွှာတိုက်စားမှု ကာကွယ်ရေးစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ တိရစ္ဆာန်များတွင်ဖြစ်ပွားသော ကူးစက်ရောဂါ သတိပြုကာကွယ်ပါ၊ စီးပွားဖြစ် ဝင်ငွေတိုးစေသော သိုးကလေးများ၊ ရှားပါးလိပ်မျိုးများကို စုပေါင်းကာကွယ်ပေးသင့် စသည့်မွေးမြူရေးဆောင်းပါးများ၊ ခြင်မှန်လျှင် အနှိမ်မြန်မှ၊ အံ့ဆုံးပေါက်သော် မခက်လော၊ သရက်သီးစားသုံးခြင်း၏ အကျိုးကျေးဇူး၊ ဒူးနာရောဂါ ပျောက်ကင်းစေရာ၊ ကျန်းမာရေးအတွက် ခေါင်းမခဲရစေဖို့ စသည့်ကျန်းမာရေး ဆောင်းပါးများ၊ ပြည်ထောင်စု၏ အလှတရားများကို ဖော်ဆောင်နေသည့် ကချင်ရိုးရာ မနောပွဲတော်၊ လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် မြန်မာ၊ တစ်ခုသော ကျေးလက်စာကြည့်တိုက်စသည့် အသိပညာပေး သုတ၊ ရသဆောင်းပါးများ ၂၀၁၀ပြည့်နှစ် အိန္ဒိယ၏ စီးပွားရေးဖွံ့ဖြိုးမှု ခုနစ်ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်း၊ အင်ဒိုနီးရှားနိုင်ငံက တစ်နှစ်လျှင် သစ်ပင် ၁ ဒသမ ၆ ဘီလီယံ စိုက်ပျိုးနိုင်ရန် စီစဉ်လျက်ရှိ၊ ၂၀၁၀တွင် စင်ကာပူ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပြောင်းလဲလာမည်၊ တရုတ်နှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံ အကျိုးတူပူးပေါင်းမည်၊ ကာတာနိုင်ငံအကြောင်း သိကောင်းစရာ စသည့် နိုင်ငံတကာသတင်း၊ ဆောင်းပါးများ၊ အားကစားသတင်းများနှင့် ရေးချင်တာတွေ အများကြီးကျန်သေးတယ်ဆိုတဲ့ စာရေးဆရာ ဒါရိုက်တာတင်သန်းဦးနှင့် တွေ့ဆုံခြင်း စသည့် အနုပညာသတင်းများ၊ ညောင်ပင်တန္တေဝေလေလေ အခန်းဆက်ဝတ္ထုရှည် တို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ် ၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

**(သတင်းစဉ်)**

# ဒိုက်ဦးအမကများ အာစရိယပူဇော်ပွဲ စာပေဟောပြောပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

**ရန်ကုန်   ဇန်နဝါရီ   ၃၁**

ဒိုက်ဦးမြို့နယ်လုံးကျွတ် အခြေခံပညာမူလတန်းလွန်နှင့် မူလတန်းကျောင်းပေါင်း ၁၂ကျောင်း၏(၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒိုက်ဦးမြို့ အမှတ် (၃)ရပ်ကွက် မြို့အရှေ့ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖေဖော်ဝါရီ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ ပူဇော်ပွဲတွင် အသက် ၆၀ အထက် အငြိမ်းစား မြို့နယ်ပညာရေးမှူးများ၊ လက်ထောက် မြို့နယ်ပညာရေးမှူးများ၊ မူအုပ်၊ လယ်ပြ၊ မူပြ ဆရာကြီး၊ ဆရာမကြီး ဖြင့်ဦးတို့အား ပူဇော်ကန်တော့ကြမည် ဖြစ်သည်။

အာစရိယပူဇော်ပွဲ အကြိုစာပေဟောပြောပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကန်ဦးကျောင်းတိုက်မြောက်ရုံ၌ ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)နံနက်တွင် ပညာရည်ချွန်ဆုပေးပွဲ၊ ညပိုင်းတွင် စာပေဟောပြောပွဲ ကျင်းပမည်ဖြစ်ပြီး ဒါရိုက်တာကြည်စိုးထွန်း၊ မောင်သွေးသစ်၊ နုနုရည်(အင်းဝ) တို့က ဟောပြောမည်ဖြစ်ရာ အလှူငွေနှင့် ပစ္စည်းများ ပေးပို့လှူဒါန်းလိုပါက ဒေါ်ရီရီညွန့် မြို့နယ်ပညာရေးမှူး ဖုန်း-၀၅၂-၄၀၀၀၈၊ ဦးမောင်မောင်သန်း မူအုပ် (ငြိမ်း)၊ ဦးတင်ရှိန် မူအုပ်(ငြိမ်း) ဖုန်း-၀၅၂-၄၀၁၂၆၊ ဦးမြင့်ဦး မူအုပ်(ငြိမ်း) ဖုန်း-၀၅၂-၄၀၄၁၆၊ အုပ်စုမှူး ဆရာကြီးများ ဦးမြင့်တင် (ညွန့်တကောင်း)၊ ဦးအေးကျော် (ကတုတ်ဘုရားကြီး)၊ ဦးဝင်းကြည်(ရှမ်းစု)၊ ဦးလှမြင့် (ဖအောင်ဝဲ)၊ ဦးလှထွေး (၆) ရပ်ကွက်နှင့်အတွင်းရေးမှူးဆရာကြီး ဦးဇော်မြင့်လွင်တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# View Sonic ထုတ်ကုန်သစ်ကိုးမျိုး အိုင်တီဈေးကွက်တွင် စတင်ရောင်းချ

**ရန်ကုန်   ဇန်နဝါရီ   ၃၁**

View Sonic ထုတ်ကုန်သစ် ကိုးမျိုးကို မြန်မာနိုင်ငံအိုင်တီဈေးကွက်တွင် စတင်ရောင်းချခြင်းနှင့် မိတ်ဆက်တင်ပြခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၃ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာ့အေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပရာ View Sonic ထုတ်ကုန်ပစ္စည်းသစ်များဖြစ်ကြသော LCD မော်နီတာအမျိုးမျိုး၊ ပရိုဂျက်တာ၊ ဒစ်ဂျစ်တယ် မီဒီယာပလေယာ၊ ဒစ်ဂျစ်တယ် ဗီဒီယိုပလေယာ၊ All in one ကွန်ပျူတာ၊ ဒစ်ဂျစ်တယ်ဓာတ်ပုံမှန်ပေါင်၊ View Sonic Notebook, Netbook နှင့် တီဗွီတွဲဖက်သုံး ကွန်ပျူတာစသည့် အိုင်တီနှင့် အိုင်တီဆက်စပ်ပစ္စည်းမော်ဒယ်လ်အသစ် ရှစ်မျိုးတို့ကို View Sonic Asia နှင့် Royal Ayeyar waddy Co.,Ltd. မှ တာဝန်ရှိသူများက မိတ်ဆက်ရှင်းလင်းတင်ပြသည်။

View Sonic ထုတ်ကုန်များအနက် ဒစ်ဂျစ်တယ် ဓာတ်ပုံမှန်ပေါင်သည် အိမ်တိုင်း၊ ရုံးခန်းတိုင်း၏ ဧည့်ခန်းတွင် ချိတ်ဆွဲထားသော သမားရိုးကျ ဓာတ်ပုံမှန်ပေါင်များနေရာတွင် ပြောင်းလဲအသုံးပြုနိုင်မည်ဖြစ်သည်။

## အသုံးပြုနိုင်

ထိုနည်းတူ View Sonic တီဗွီတွဲဖက်သုံး ကွန်ပျူတာ PC Mini ကလည်း ယနေ့ခေတ်မီ အိမ်တိုင်းတွင် အသုံးပြုနေကြသော LCD တီဗွီများနှင့် တွဲဖက်၍ ကွန်ပျူတာတစ်လုံးအဖြစ် လည်းကောင်း၊ ဗီဒီယိုပြစက်တစ်လုံးအဖြစ် လည်းကောင်း အသုံးပြုနိုင်သည်။ ဗီဒီယိုဇာတ်လမ်းများကို ကွန်ပျူတာတွင် သိမ်းဆည်းထားနိုင်ပြီး အချိန်မရွေး ပြန်လည်ကြည့်ရှုနိုင်သည့် ကမ္ဘာ့အသေးဆုံးကွန်ပျူတာ တစ်လုံးလည်း ဖြစ်သည်။

မိတ်ဆက်တင်ပြသော ထုတ်ကုန်များအနက် View Sonic ဒစ်ဂျစ်တယ်မီဒီယာပလေယာသည် ဗီဒီယိုပြစက်တစ်လုံးကဲ့သို့ အသုံးပြုနိုင်သည့် မာလ်တီမီဒီယာ ထုတ်ကုန် အသေးစား ပစ္စည်းတစ်ခုဖြစ်သည်။ ၎င်းတွင် ဟာ့ဒ်စ်ပါရှိပြီး ဗီဒီယိုများ၊ သီချင်းများကို သိမ်းဆည်းကာ ကြည့်ရှုနိုင်သည်။ View Sonic Portable Mediplayer ကမူ မော်တော်ကားများတွင် တပ်ဆင်၍ဖြစ်စေ၊ ခရီးသွားရင်းဖျော်ဖြေရေးအနေဖြင့် ဖြစ်စေ ဗီဒီယိုဇာတ်လမ်းများ၊ ရုပ်ရှင်ကားများ၊ ကာရာအိုကေသီချင်းများကို ကြည့်ရှုနိုင်ခြင်း၊ တီဗွီမှလာသော ရုပ်သံအစီအစဉ်များကို ကူးယူသိမ်းဆည်းထားနိုင်ခြင်းများ ပြုလုပ်နိုင်သည့် အိတ်ဆောင်ဗီဒီယိုပြစက်တစ်မျိုးဖြစ်သည်။

## မိတ်ဆက်တင်ပြ

အိမ်သုံး၊ ရုံးသုံးပရိုဂျက်တာများကိုလည်း တစ်ပြိုင်တည်း မိတ်ဆက်တင်ပြထားရာ အရောင်အသွေးစုံလင်အောင် ဖော်ပြနိုင်သော နည်းပညာသုံး ပရိုဂျက်တာများ၊ သုံးဖက်မြင်ပုံရိပ်များ ထုတ်ပေးနိုင်သည့် ပရိုဂျက်တာများကိုလည်း ဈေးကွက်တွင် စတင်ရောင်းချနိုင်ရန် စီစဉ်ထားသည်။ View Sonic အမှတ်တံဆိပ် နုတ်ဘုတ်ကွန်ပျူတာအသစ် Viewbook Series အသစ် မော်ဒယ်လ်လေးမျိုးနှင့် View Sonic Net-book မော်ဒယ်လ်နှစ်မျိုးနှင့် All in one ကွန်ပျူတာအသစ်တစ်မျိုးကိုလည်း စွမ်းဆောင်ရည်အသီးသီးဖြင့် ဈေးကွက်တင်ရောင်းချနိုင်ရန် မိတ်ဆက်တင်ပြထားသည်။

View Sonic ၏ နာမည်ကြီး LCD မော်နီတာကိုလည်း ၁၅လက်မ အရွယ်အစားမှ ၃၂လက်မ အရွယ်အစားအထိ မော်ဒယ်လ်အသစ် ၁၂မျိုးကိုပါ ဝေဝေဆာဆာမိတ်ဆက်တင်ပြပေးထားသည်။ ယခုမိတ်ဆက်တင်ပြသော မော်နီတာများသည် ပါဝါအစား ၅၀ရာခိုင်နှုန်းအထိ သက်သာသော LED Backlit စနစ်ကို သုံးထားပြီး ကွန်ပျူတာအသုံးပြုသူ မျက်စိညောင်းညာမှုကို ထိန်းသိမ်းပေးသည့် Anti-glare နှင့် Anti-reflective coated အသုံးပြုကာကွယ်ပေးထားသည့် မော်နီတာများဖြစ်သည်။

## စုံစမ်းနိုင်

View Sonic ထုတ်ကုန်များကို မြန်မာနိုင်ငံတွင် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် Royal Ayeyarwaddy Co., Ltd. က တင်သွင်းရောင်းချပြီး စိတ်ဝင်စားသူများအနေဖြင့် အမှတ် ၇ (မြေညီထပ်) ၈၇လမ်း မင်္ဂလာတောင်ညွန့် ရန်ကုန် ဖုန်း-၀၁-၃၉၄၄၉၄၊ ၃၈၉၃၆၆ နှင့် ၃၈၄၈၅၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ပထဝီဝင်မိသားစု အာစရိယပူဇော်မည်

*ရန်ကုန်   ဇန်နဝါရီ   ၃၁*

*ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ပထဝီဝင်ဌာနမှ အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပထဝီဝင်မိသားစုများ ဇကာဒသမအကြိမ်မြောက်အာစရိယပူဇော်ပွဲ အခမ်းအနားကို တက္ကသိုလ်များမြောက်ရုံ၌ ဖေဖော်ဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် အာစရိယပူဇော်ပွဲအတွက် လှူဒါန်းလိုပါက အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီဝင်များဖြစ်ကြသည့် ဒေါက်တာခင်ခင်ဝေ ဖုန်း-၅၃၆၉၃၄၊ ဒေါက်တာခင်နှင်းဖြူ ဖုန်း-၀၉-၅၁-၇၄၂၂၈၊ ဒေါက်တာအောင်ဝင်း ဖုန်း-၀၉-၅၀-၀၇၆၉၅၊ ဒေါက်တာခင်ခင်ဌေး ဖုန်း-၀၉-၅၁-၈၁၉၆၀၊ ဦးတင်မောင်ညွန့် ဖုန်း-၀၉-၅၁-၇၃၇၃၈၊ ဦးချားလ် ဖုန်း-၀၉-၅၀-၀၇၇၁၂၊ ဒေါ်ခင်သန်းဆွေ ဖုန်း-၅၀၁၂၁၁၊ ဦးဘသောင်း ဖုန်း-၅၅၉၁၇၄၊ ဦးစိန်အောင် ဖုန်း-၀၉-၉၉-၂၅၅၅၀၊ ဦးမြင့်အေး ဖုန်း-၀၉-၅၀-၀၅၈၃၀၊ ဦးနေအောင် ဖုန်း-၀၉-၅၁-၃၁၈၀၉၊ ဦးဝင်းနိုင် ဖုန်း-၀၉-၅၁-၂၂၉၈၉၊ ဒေါက်တာယုယုမော် ဖုန်း-၀၉-၅၁-၄၀၈၅၀နှင့် ဒေါက်တာချိုချိုသွင် ဖုန်း-၀၉-၅၁-၄၃၂၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။*

*(မြန်မာ့အလင်း)*

သရက်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ဆုချီးမြှင့်ပွဲတွင် ခရိုင်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဌေးက ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

# ရက္ခပဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန်   ဇန်နဝါရီ   ၃၁**

ရန်ကုန်တက္ကသိုလ် ရက္ခပဗေဒဘွဲ့ရ (၁၉၆၇ မှ ၂၀၀၉)အထိ ကျောင်းသား၊ ကျောင်းသူများကကြီးမှူး၍ အသက် ၆၄ နှစ်ပြည့်ပြီးသော အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ဒုတိယအကြိမ်အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

ပညာသင်နှစ် အသီးသီးမှ ရက္ခပဗေဒ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ရန်ကုန်တက္ကသိုလ် ရက္ခပဗေဒဌာန ဖုန်း-၅၃၅၀၃၀၊ ဒေါက်တာဗေဒါ ဖုန်း -၀၉-၅၂-၀၁၂၇၆၊ ဒေါ်သန်းဆွေလင်း ဖုန်း-၀၉-၅၀-၂၁၈၀၇၊ ဦးခင်လတ် ဖုန်း-၅၄၉၆၀၇၊ ဒေါ်လှလှရီ ဖုန်း-၈၀၂၄၁၀၇၊ ဒေါ်ကြည်ကြည်အေး ဖုန်း-၆၄၃၅၁၄၊ ဒေါ်ချိုနွယ်ဦး ဖုန်း-၈၀-၂၁၄၃၉၊ ဒေါက်တာဦးဝင်း ဖုန်း-၀၉-၈၅၈၁၂၉၃၊ ဦးမျိုးအောင် ဖုန်း-၂၉၆၄၄၂၊ ၈၀၃၄၇၃၉၊ ဦးဟံအေး ဖုန်း-၅၀၀၅၀၃၇နှင့် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေး ကော်မတီဝင်များထံတွင် ကြိုတင်၍လည်းကောင်း၊ အခမ်းအနားကျင်းပသည့်နေ့တွင် တက္ကသိုလ်များဓမ္မာရုံရှိ အလှူငွေလက်ခံဌာနတွင်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

*✽ ကျောဖုံးမှ*

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စဥ့်ကူးမြို့ မြို့နယ်ခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားစဉ်။** (သတင်းစဉ်)

## ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဝင်းဇော်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ကျော်မိုး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ခရိုင်နှင့်မြို့နယ်ဥက္ကဋ္ဌများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် စဥ့်ကူးမြို့ မြို့နယ်ခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းမောင်လူက စဥ့်ကူးမြို့နယ်၏အကျယ်အဝန်း၊ အိမ်ထောင်စုနှင့် လူဦးရေ၊ မြေအသုံးချမှု၊ စိုက်ပျိုးရေးနှင့် ဝမ်းစာဖူလုံမှုအခြေအနေ၊ စီမံကိန်းလျာထားချက်များဆောင်ရွက်နေမှု၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုအခြေအနေနှင့် ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ မြို့မိမြို့ဖ တစ်ဦးဖြစ်သူ ဦးရဲညွန့်က စဥ့်ကူးမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်လာမှုနှင့် ဆက်လက်ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက စဥ့်ကူးမြို့နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေ၊ မြို့နယ်၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ဒေသဆန်ဖူလုံရေး၊ ဒေသ၌ စားသုံးဆီ ဖူလုံရေးတို့

## ရင်းရင်းနှီးနှီးနှုတ်ဆက်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စဥ့်ကူးမြို့ မြို့နယ်ခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

နှင့်စပ်လျဉ်း၍ တိုးတက်ဖွံ့ဖြိုးမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## တစ်ပြိုင်တည်းတည်ဆောက်နေ

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းရှိ စဥ့်ကူးမြို့နှင့် အနောက်ဘက်ခြမ်းရှိ ရွှေဘိုမြို့နယ် ကျောက်မြောင်းတို့ ဆက်သွယ်သွားလာရာတွင် ကူးတို့ရေယာဉ်ဖြင့်သာ ခက်ခက်ခဲခဲ သွားလာနေရမှု၊ ယခုအခါ စဥ့်ကူး-ကျောက်မြောင်း ဧရာဝတီမြစ်ကူး တံတားကြီးတစ်စင်း တည်ဆောက်ရန် ပဏာမလေ့လာမှုများ ဆောင်ရွက်ပြီးစီးမှု၊ ရှေးယခင်က ဧရာဝတီမြစ်ကူး တံတားအဖြစ် အင်းဝတံတားတစ်ခုသာ ရှိခဲ့ရာမှ ၁၉၈၈ခုနှစ်မှ ယနေ့အထိ တပ်မတော်အစိုးရ လက်ထက်တွင် ဧရာဝတီမြစ်ကူးတံတားသစ်ကြီး ရှစ်စင်း တည်ဆောက်ပြီးစီးခဲ့မှု၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင်လည်း စင်းခန်းတံတား၊ ပခုက္ကူတံတား၊ မလွန်တံတားနှင့် ညောင်တုန်းတံတား စသည့် ဧရာဝတီမြစ်ကူးတံတားသစ်ကြီး လေးစင်းကို တစ်ပြိုင်တည်း တည်ဆောက်နေမှု၊ အလားတူ ဧရာဝတီမြစ်ကူး စဥ့်ကူး-ကျောက်မြောင်း တံတားကြီးကို တည်ဆောက်ပေးမည်ဖြစ်ရာ တည်ဆောက်နေသော တံတားကြီး ငါးစင်းရှိသွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

## တည်ဆောက်ပေး

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးက တိုင်းပြည်ပေးလျက်ရှိကြောင်း၊ ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ် စသည့် မြစ်ကြီးများကို ကျော်ဖြတ်သော တံတားသစ်ကြီးများကို နှစ်တိုအတွင်း တည်ဆောက်ပေးခဲ့ပြီ ဖြစ်ကြောင်း၊ ယခုလည်း ဧရာဝတီအရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းဆက်သွယ်မည့် ဧရာဝတီမြစ်ကူးတံတား(စဥ့်ကူး-ကျောက်မြောင်း)ကို တည်ဆောက်ပေးနိုင်ရန် မိမိတို့ ကွင်းဆင်းလာရောက်ကြည့်ရှုခြင်းဖြစ်ကြောင်း။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

မကြာမီအချိန်အတွင်း တံတားစီမံကိန်းကြီးကို စတင်အကောင်အထည်ဖော်သွားမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်မှုအပိုင်းကိုသာမက စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကဏ္ဍအသီးသီး၌ တိုးတက်ဖွံ့ဖြိုးမှု အသီးအပွင့်များဖြစ်ပေါ်အောင် မိမိတို့ နိုင်ငံတော်အပိုင်းက မနားမနေ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စဥ့်ကူးနှင့်ကျောက်မြောင်းဒေသရှိ ဒေသခံပြည်သူများကလည်း ဒေသဆန် ဖူလုံ

ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံလိုအပ်ချက်မှာ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေးဖြစ်ကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ကူးလူးဆက်ဆံသွားလာမှုလွယ်ကူမှသာ တိုင်းရင်းသားလူမျိုးအသီးသီး၏ လူနေမှုဘဝနှင့် အသိပညာအဆင့်အတန်းသည် တိုးတက်မြင့်မားလာမှာဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ထိတွေ့ဆက်ဆံမှုသည်လည်း ပိုမိုများပြားပြီး ရင်းနှီးချစ်ခင်နားလည်မှုများ ရရှိလာမှာဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့သည် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ကားလမ်း၊ ရထားလမ်းများကို ဖောက်လုပ်ပေးသကဲ့သို့ လိုအပ်သော မြစ်ကူး၊ ချောင်းကူး တံတားများကိုလည်း တည်ဆောက်

> # နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်မှု အပိုင်းကိုသာမက စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကဏ္ဍအသီးသီး၌ တိုးတက်ဖွံ့ဖြိုးမှု အသီးအပွင့်များဖြစ်ပေါ်အောင် မိမိတို့ နိုင်ငံတော်အပိုင်းက မနားမနေ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ။

ပိုလျှံရေး၊ လယ်ယာထွက်ကုန် သီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေးတို့အတွက် အလေးထားလုပ်ကိုင်ပြီး ဒေသဖွံ့ဖြိုးရေး၊ တိုင်းပြည်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသွားရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

## ဖူးမြော်ကြည်ညို

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် စဥ့်ကူးမြို့ ရွှေမုဋ္ဌောစေတီတော်သို့ရောက်ရှိကြပြီး အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ သစ်သီးများ ကပ်လှူပူဇော်ကြကာ ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးကိုယ်စား အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံပြီး မေ့လက်ဆောင် ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် စေတီတော်ရင်ပြင် ရှုရပ်မှနေ၍ ဧရာဝတီတံတား (စဥ့်ကူး-ကျောက်မြောင်း) တည်ဆောက်မည့် တံတားအုကြောင်းနေရာကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က တံတားတည်ဆောက်ရန်အတွက် ပဏာမတိုင်းတာပြီးစီးမှုနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

## စနစ်တကျသေချာစွာလေ့လာ

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးက တံတားလမ်းအုကြောင်း ရွေးချယ်ရာတွင် ရေစီးရေလာအနေအထားနှင့် ကမ်းများ၏ ခိုင်ခံ့မှုအခြေအနေကို စနစ်တကျ သေချာစွာ လေ့လာစိစစ်ရန် မှာကြားလမ်းညွှန်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် စဥ့်ကူးဆိပ်ကမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် နွယ်ညိမ်းကျေးရွာ၊ ကျောက်မြောင်းစံပြကျေးရွာနှင့် တံတားအုကြောင်းအခြေအနေတို့ကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး မွန်းလွဲပိုင်းတွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**ဧရာဝတီတံတား (စဥ့်ကူး-ကျောက်မြောင်း) တည်ဆောက်မည့် တံတားအုကြောင်းနေရာကို ဝေဟင်မှ တွေ့ရစဉ်။** (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁-၂-၂၀၁၀ (တနင်္လာနေ့ )**

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ် |
| ၅:၁၅ | MRTV-4 သတင်း |
| ၆:၀၀ | **စိတ်ကိုစောင့်ရှောက်နိဗ္ဗာန်ရောက်** တရားတော် (ဆရာတော် အရှင်မေဃိယ) |
| ၆:၅၀ | စေတီတို့ရဲ့ နောင်တော် တွံတေးရွှေဆံတော် |
| ၇:၀၀ | MRTV-4 သတင်း |
| ၇:၄၅ | MRTV-4 ကာတွန်းအစီအစဉ် |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၈) |
| ၈:၃၀ | Premier League Highlight |
| ၈:၅၅ | Activities in the City (ဘူမိဗေဒ နှစ် ၃၀ပြည့် ပုလဲရတု အာစရိယပူဇော်ပွဲ) |
| ၉:၀၅ | နှင်းဆီကုန်းဘိုးဘွားရိပ်သာ ပန်းချီအနုပညာနှင့် စာအုပ်ဈေးရောင်းအလှူပွဲတော် |
| ၉:၂၀ | စုပေါင်းအလှူ ကုသိုလ်ယူ.... တူယှဉ်ဆင်နွှဲဒါနပွဲ |
| ၉:၃၅ | Global Panorama |
| ၁၀:၄၀ | ပတ္တမြားမြေရဲ့ အလှသက်သေ |
| ၁၀:၅၅ | လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် |
| ၁၁:၀၅ | Activities in the City (AVON မိတ်ဆက်ပွဲအခမ်းအနား) |
| ၁၁:၂၀ | International Show Biz |
| ၁၁:၄၀ | ကွမ်းစားခြင်းနှင့် ခံတွင်းရောဂါ အန္တရာယ်(ပါမောက္ခဦးမြသော်) |
| ၁၁:၅၅ | တိုးတက်မှုအစုံစုံ စစ်ကိုင်းမြို့ရဲ့ မြင်ကွင်းအဖုံဖုံ |
| ၁၂:၁၀ | စိတ်ပိုင်းဆိုင်ရာ မြင့်စေဖို့ ကြက်ခြေနီက ကူညီစို့ |
| ၁၂:၃၅ | ကယ်တင်ကြစို့ တို့ကမ္ဘာ |
| ၁:၀၀ | **စိတ်ကိုစောင့်ရှောက် နိဗ္ဗာန်ရောက်** တရားတော် (ဆရာတော် အရှင်မေဃိယ) |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၄၅ | ၂၀၀၈ခုနှစ် အကယ်ဒမီ စင်မြင့်ထက်က ဖက်ရှင် |
| ၃:၁၅ | Activities in the City (ဘူမိဗေဒ နှစ် ၃၀ပြည့် ပုလဲရတု အာစရိယပူဇော်ပွဲ) |
| ၃:၂၅ | မူဟန်ကိုယ်စီ တေးကိုသီ |
| ၃:၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၈) |
| ၄:၀၅ | စုပေါင်းအလှူကုသိုလ်ယူ... တူယှဉ်ဆင်နွှဲဒါနပွဲ |
| ၄:၂၀ | နှင်းဆီကုန်းဘိုးဘွားရိပ်သာ ပန်းချီအနုပညာနှင့် စာအုပ်ဈေးရောင်းအလှူပွဲတော် |
| ၄:၄၀ | အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့၏ မီလီယံတန်သောကလေးများ) |
| ၅:၁၀ | လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် |
| ၅:၂၀ | Activities in the City (AVON မိတ်ဆက်ပွဲအခမ်းအနား) |
| ၅:၃၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | ၂၀၀၈ခုနှစ် အကယ်ဒမီ စင်မြင့်ထက်က ဖက်ရှင် |
| ၆:၄၀ | စာအုပ်ပြခန်း [စကြဝဠာ၏ အလင်းရောင် ဆရာနော်ရထာဝင်း (ပဋ္ဌာန်းအကယ်ဒမီ) နှင့်တွေ့ဆုံခြင်း] |
| ၇:၀၀ | International Show Biz |
| ၇:၂၀ | အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့၏ မီလီယံတန်သောကလေးများ) |
| ၇:၄၀ | ကယ်တင်ကြစို့တို့ကမ္ဘာ |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၅ | အနုပညာမိုးကောင်းကင် |
| ၉:၁၀ | စာအုပ်ပြခန်း [စကြဝဠာ၏ အလင်းရောင် ဆရာနော်ရထာဝင်း (ပဋ္ဌာန်းအကယ်ဒမီ) နှင့်တွေ့ဆုံခြင်း] |
| ၉:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၈) |
| ၁၀:၀၀ | စိတ်ပိုင်းဆိုင်ရာ မြင့်စေဖို့ ကြက်ခြေနီက ကူညီစို့ |
| ၁၀:၂၀ | အနုပညာမိုးကောင်းကင် |
| ၁၀:၄၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၁:၁၀ | မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ |
| ၁၁:၂၀ | **ကျေးဇူးတင်ပါတယ် ဒီအိုဗီအက်စ်** လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ် (ဒါရိုက်တာ-စိုးကျော်ဆန်း) |
| ၁၁:၄၀ | ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာ ရယူခြင်းလုပ်ငန်း |
| ၁၁:၅၀ | ကဏ္ဍစုံလင် အားကစားအစီအစဉ် |
| ၁:၀၀ | အစီအစဉ်ပြီး၏။ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Barclays Premier League ဘောလုံးပွဲစဉ်**

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂:၂၄ | Sunderland-Stoke City | ESPN(Live) |
| | Sunderland-Stoke City | MRTV-4(Live) |

က စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံပြီး ဓမ္မလက်ဆောင် ပြန်လည် ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး သည် စေတီတော်ရင်ပြင် ရှုရပ်မှနေ၍ ဧရာဝတီတံတား (စဉ့်ကူး-ကျောက်မြောင်း) တည်ဆောက်မည့် တံတားအူ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့တွင်းလမ်းများ တိုးချဲ့ပြုပြင်မှု အခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကြောင်းနေရာကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က တံတားတည်ဆောက်ရန်အတွက် ပဏာမ တိုင်းတာပြီးစီးမှုနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

**စနစ်တကျသေချာစွာလေ့လာ**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးက တံတားလမ်းအူကြောင်း ရွေးချယ်ရာတွင် ရေစီးရေလာအနေအထားနှင့် ကမ်းများ၏ ခိုင်ခံ့မှုအခြေအနေကို စနစ်တကျ သေချာစွာ လေ့လာစိစစ်ရန် မှာကြားလမ်းညွှန်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် စဉ့်ကူးဆိပ်ကမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် နွယ်ညိမ်းကျေးရွာ၊ ကျောက်မြောင်းစံပြကျေးရွာနှင့် တံတားအူကြောင်းအခြေအနေတို့ကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး မွန်းလွဲပိုင်းတွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**ဧရာဝတီတံတား (စဉ့်ကူး-ကျောက်မြောင်း) တည်ဆောက်မည့် တံတားအူကြောင်းနေရာကို ဝေဟင်မှ တွေ့ရစဉ်။** (သတင်းစဉ်)

## အထက်ပိုင်းဒေသများ၌ ညအပူချိန်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၃၁

__ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကယားပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၄ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

__ဖေဖော်ဝါရီ ၁ရက် ညနေအထိ ခန့်မှန်းချက်မှာ__ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ လှိုင်းအသင့်အတင့် ရှိမည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

__ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ အများအားဖြင့် သာယာမည်။

__မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

## ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့
## ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

၂။ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ် တားဆီးရေး၊

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

၅။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

## ကိုကိုးကျွန်းမြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
## တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၃၁

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် ဇန်နဝါရီ ၂၉ရက် နံနက်ပိုင်းတွင် ကိုကိုးကျွန်းလေဆိပ်၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး လေဆိပ်ပြေးလမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

__ကြည့်ရှုအားပေး__

ထိုမှတစ်ဆင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၊ ဟိုတယ်ဆောက်လုပ်မည့်နေရာနှင့် ကိုကိုးကျွန်းကမ်းခြေ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး အခြေခံပညာအထက်တန်းကျောင်း၌ ပန်းပွင့်ပန်းခိုင် ပြုလုပ်နည်းသင်တန်းကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကျောင်းခန်းမ၌ ကျင်းပသည့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ၂၀၀၈-၂၀၀၉ပညာသင်နှစ်၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီးက လက်ခံသည်။

__ပေးအပ်လှူဒါန်း__

ယင်းနောက် တိုင်းမှူးသည် မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူလေးများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး မြို့နယ်ပြည်သူ့ဆေးရုံ၌ ပါဝါမျက်မှန်၊ လက်ဆောင်ပစ္စည်းများနှင့် ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်လှူဒါန်းကာ ခွဲစိတ်ဆောင်ဆောက်လုပ်နေမှုနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် အဝတ်အထည်၊ ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်၍ အဝတ်အထည်၊ ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းသည်။

__မှာကြား__

ယင်းနောက် တိုင်းမှူးသည် နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကိုကိုးကျွန်း ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် ကြံ့ခိုင်မှုအခြေအနေ၊ ရေစင်နှင့် မြို့ရေပေးဝေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ကြံနှင့် သကြား နှီးနှောဖလှယ်ပွဲကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၃၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြံသီးနှံလုပ်ငန်းဌာနနှင့် မြန်မာနိုင်ငံကြံနှင့် ကြံထွက်ပစ္စည်း၊ ကုန်သည်များနှင့် ထုတ်လုပ်သူများအသင်းတို့ ပူးပေါင်း၍ မြန်မာ့ကြံနှင့် သကြားလုပ်ငန်း ယှဉ်ပြိုင်စွမ်းအားမြင့်မားရေး နှီးနှောဖလှယ်ပွဲနှင့် အသင်းနှစ်ပတ်လည်ညီလာခံ အမှုဆောင်သစ် တိုးချဲ့ဖွဲ့စည်းရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၄ရက်နှင့် ၅ရက်များတွင် နေပြည်တော်ဟိုတယ်ဇုန် မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

__ဆက်သွယ်စုံစမ်းနိုင်__

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် စာတမ်းရှစ်စောင် တင်သွင်းမည်ဖြစ်ပြီး အသင်းဝင်များထံသို့ ဖိတ်စာများ ပေးပို့ထားပြီးဖြစ်ရာ စိတ်ဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် အထွေထွေအတွင်းရေးမှူး ဦးစိုးလင်း ဖုန်း-၀၂-၅၃၄၉၄၊ ၀၂-၃၅၄၉၄၊ ၀၉-၂၀-၀၁၇၆၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## နယ်စပ်/စည်ပင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ
## လပွတ္တာမြို့နယ်အတွင်း လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃၁

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ဇန်နဝါရီ ၂၆ရက် နံနက် ၉နာရီတွင် လပွတ္တာမြို့ ရွှေနဒီခန်းမ၌ကျင်းပသော အဆင့်မြင့်စက်ချုပ်အထူးသင်တန်း အမှတ်စဉ်(၁)၊ အခြေခံအိမ်တွင်းမှု အထူးသင်တန်းအမှတ်စဉ်(၃)နှင့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေးအတတ်ပညာသင်တန်း အမှတ်စဉ်(၃) သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။**

__သင်ကြားလျက်ရှိ__

ယနေ့ဖွင့်လှစ်သော သင်တန်းများသို့ လပွတ္တာမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ သင်တန်းသူ ၆၀နှင့် သင်တန်းသား ၅၀ တက်ရောက်သင်ကြားလျက်ရှိပြီး အိမ်တွင်းမှုသင်တန်းအတွက် ရက်သတ္တပတ် ၁၀ပတ်၊ လက်သမား၊ ပန်းရန်၊ သံချည်သံကွေး အတတ်ပညာသင်တန်းအတွက် ရက်သတ္တပတ် ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

__ကြည့်ရှုစစ်ဆေး__

ထို့နောက် လပွတ္တာမြို့ (၃)မိုင် မြို့ကွက်သစ်မြို့ပတ်လမ်းအား ကတ္တရာခင်းနေမှု၊ လက်သမား၊ ပန်းရန်၊ သံချည်သံကွေး သင်တန်းကျောင်း ဆောက်လုပ်နေမှုနှင့် (၃)မိုင် မြို့ကွက်သစ်သို့ ရေပေးနေသည့် ဖီဖီဇကေရှိသည့် ရေကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး (၃)မိုင် မြို့ကွက်သစ်အတွင်း မိုးကြယ်စင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေသော ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြောင်းမြ-ကုန်းသာ ကျေးရွာသွား ကျေးလက်လမ်းအား တောင်ကွဲကျေးရွာအနီး လမ်းပခုံးဆောင်ရွက်နေမှု၊ မြောင်းမြမြို့ ပြည်သူ့ပန်းခြံနှင့် မြောင်းမြမြို့အဝင်ဆိုင်းဘုတ်အနီး မြေယာရှင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ မြောင်းမြမြို့နယ် သပြေချောင်ကျေးရွာအဝင်လမ်း ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ လပွတ္တာမြို့ (၃)မိုင် မြို့ကွက်သစ်မြို့ပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ဝါးခယ်မမြို့တွင် စာပေဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ဝါးခယ်မမြို့နယ်၏ ၁၃၇၁ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ရက် ည ၈နာရီက ဧရာဝတီတိုင်း ဝါးခယ်မမြို့ ရွှေခယ်သီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စီစီညွန့် (မစိမ်းဇော်-ဝါးခယ်မ)က မိတ်ဆက်စကားပြောကြားပြီး စာရေးဆရာများ ဖြစ်ကြသည့် တက္ကသိုလ်သင်္ခ ယဉ်ကျေးလိမ္မာ၊ မင်္ဂလာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မစန္ဒာက နှုတ်ခမ်းထက်မှ ဓားနှင့်ပျား ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကြူကြူသင်းက သုတ ရသ စာပေအလှ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဇနီးတို့က စာရေးဆရာများအား မေတ္တာလက်ဆောင် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

### ထူးခြားသည့် ညအပူချိန်
### ၃၁-၁-၂၀၁၀

| | |
|---|---|
| ဟားခါး | -၂ ဒီဂရီစင်တီဂရိတ် |
| အမ်း | ၃ ဒီဂရီစင်တီဂရိတ် |
| မချမ်းဘော | ၄ ဒီဂရီစင်တီဂရိတ် |

# ဖူလုံမှု ပြည့်စုံ၊ ပြည့်စုံမှု အေးချမ်းမည်

လူတိုင်း လူ့ဘဝရလာကတည်းက နေ့စဉ်ရုန်းကန်လှုပ်ရှားရသည်။ နေ့စဉ်ဘဝ၊ ပစ္စုပ္ပန်၊ အတိတ်ကာလများတွင် ရင်ဆိုင်ရမည့် စားရေး၊ ဝတ်ရေး၊ နေရေးနှင့် အခြားလူမှုကိစ္စ အဝဝအတွက် ရှာဖွေစုဆောင်းရသည်။ ထိုလူမှုအရေးအရာကိစ္စများပြည့်စုံမှ လူမှုဘဝ တည်ငြိမ်သည်။ မိသားစုဘဝအေးချမ်းသည်။ မိသားစုတစ်ခုလုံး၏ စားဝတ်နေရေးမှသည် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး စသည့်အရေးများသည် ထိုမိသားစု၏ ဝင်ငွေရှာဖွေမှု၊ စုဆောင်းမှုတို့အပေါ် များစွာမူတည်ပါသည်။ ဝင်ငွေကို စနစ်တကျ မျှတစွာ သုံးစွဲတတ်မှု၊ သုံးသင့်သည့်နေရာတွင် သုံးသင့်သလောက် ခွဲဝေသုံးစွဲတတ်မှု၊ နောင်ရေးအတွက် ကြိုတင်စုဆောင်းတတ်မှုရှိသည့် မိသားစုဘဝသည် တည်ငြိမ်အေးချမ်း ချမ်းမြေ့မှုရှိသည်ကို တွေ့ရမြဲဖြစ်သည်။

“စီးတဲ့ရေ ဆည်တဲ့ကန်သင်း”ဆိုသကဲ့သို့ မိသားစု၏ တာဝန်ရှိသူတို့က စနစ်တကျရှာဖွေသုံးစွဲစုဆောင်းနိုင်မှုသည် ထိုမိသားစု၏ ဘဝရှေ့ရေး ချမ်းမြေ့မှုကို ဦးတည်လျက်ရှိပါသည်။ ထိုသို့မဟုတ်ဘဲ စနစ်တကျရှာဖွေခြင်းမရှိ၊ ခွဲဝေသုံးစွဲခြင်းမရှိ၊ ရှေ့ရေးအတွက် ကြိုတင်စုဆောင်းထားခြင်းမရှိသော မိသားစုများမှာမူ တည်ငြိမ်အေးချမ်းမှုမရှိ၊ ကာလသုံးပါးစလုံး အပူမီးများနှင့်သာ ကြုံတွေ့ရလေ့ရှိပါသည်။ မိသားစုဘဝ၏ နေ့စဉ်နေထိုင်စားသောက်မှုအခြေအနေများ၊ မိသားစုဝင်တို့၏ ပညာရေး၊ ကျန်းမာရေး၊ လူ့ရေးတန်းရေး အခြေအနေများသာမက ဘဝရှေ့ရေးများမှာလည်း မသာယာ၊ မလှမပ၊ လူမှုဒုက္ခအသီးသီးနှင့် ကြုံတွေ့ရစမြဲလည်းဖြစ်သည်။ ယနေ့လောကအတွင်း ထိုသို့သော လူမှုဒုက္ခများ ကြုံတွေ့နေကြရခြင်းမှာ အထက်ပါမတူကွဲပြားသော မိသားစုစီမံခန့်ခွဲမှုများကြောင့်ပင်ဖြစ်မည်ဟု ထင်ပါသည်။ ဆင်းရဲ၊ ချမ်းသာ ကွဲပြားနေရခြင်း၏ အဓိကအချက်များတွင် ထိုအချက်များလည်း ပါဝင်မည်ဖြစ်သည်။

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံနှင့် လူမျိုး၊ ဘာသာ၊ သာသနာ တိုးတက်အောင် အပြင်းအထန်ကြိုးစားနေကြသည်။ ယင်းတွင် နိုင်ငံ၏စီးပွားရေး၊ လူမှုရေးအခြေခံအဆောက်အအုံများ တည်ငြိမ်ခိုင်ခံ့အောင် ဆောင်ရွက်ရာ၌ နိုင်ငံသားတိုင်း၏ အခြေခံလူမှုဘဝများ တည်ငြိမ်အောင်ဆောင်ရွက်ပါမှ အောင်မြင်မည်ဟူသော အချက်ကို အလေးထားကြိုးစားလာကြသည်။ နိုင်ငံသားတိုင်းသည် မိမိတို့ လုပ်အားမှရရှိသော ဝင်ငွေဖြင့် မိမိတို့၏ စားဝတ်နေရေး၊ လူမှုရေးကိစ္စအဝဝကို ပြည့်စုံမျှတစွာ ဆောင်ရွက်နိုင်လေ သောကကင်းလေ၊ အလုပ်လုပ်နိုင်လေ၊ လုပ်အားပိုမိုတိုးတက်လာလေ၊ တည်ငြိမ် အေးချမ်းလေဖြစ်ကြောင်းကိုလည်း တွေ့ရှိလက်ခံလာကြသည်။ နိုင်ငံသားတို့၏ လူမှုရေးကိစ္စအဝဝဖူလုံပြည့်စုံအောင် ဖြည့်တင်းပေးနိုင်မှုသည် နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှု၊ အေးချမ်းသာယာမှုတို့ကို ဆောင်ကြဉ်းနိုင်လေဖြစ်သည်ကို တွေ့ရသည်နှင့်အညီ လူမှုအာမခံ (Social Insurance) သို့မဟုတ် လူမှုဖူလုံရေး (Social Security )လုပ်ငန်းများကို ယခင်ကနှင့်မတူ အထူးအာရုံစိုက် အားသွန်ခွန်စိုက် ဆောင်ရွက်လာကြသည်ကို တွေ့ရသည်။

လွန်ခဲ့သည့်နှစ် စက်တင်ဘာလအတွင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျုံရှမ်းမြို့တွင် (China Asean High Level Seminar on Social Insurance System) “တရုတ်-အာဆီယံ လူမှုရေးအာမခံဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲ” ကို ကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်အသုံးချရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပကာ အာဆီယံနိုင်ငံများဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ တက်ရောက်ခဲ့ကြသည်။ နိုင်ငံအသီးသီးက မိမိတို့နိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော လူမှုရေးအာမခံမှုဆိုင်ရာ လုပ်ငန်းများကို တင်ပြခဲ့ကြသည်။ အလွန်ကျယ်ဝန်းပြီး လူဦးရေထူထပ်လှသော တရုတ်နိုင်ငံကြီးသည် မယုံနိုင်စရာကောင်းလှအောင် တိုးတက်ဖွံ့ဖြိုးနေသည်ကို တွေ့ရသည်။ နိုင်ငံသားတိုင်းအလုပ်လုပ်ကြ၊ စည်းကမ်းရှိကြရုံမက နိုင်ငံနှင့်လူမျိုးကိုလေးစားတန်ဖိုးထားစိတ် ရှိကြသည်ကို တွေ့ရသည်။ ယင်းသည်ပင် တိုးတက်ဖွံ့ဖြိုးမှုကို အားပေးသော အချက်ဖြစ်ကြောင်း တွေးမိပါသည်။ ထို့ပြင် မြို့နေအလုပ်သမားများ၊ မြို့နေလူတန်းစားအသီးသီးသာမက ကျေးလက်တောရွာနေ ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှု၊ လူမှုရေး လူမှုဖူလုံရေးအာမခံမှုများကိုပါ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်မှုများကြောင့်လည်း နိုင်ငံသားအသီးသီး၏ လူမှုဘဝများ အေးချမ်းတည်ငြိမ်လာမှုရရှိကြသည်။ ထိုအချက်ကြောင့်လည်း ကြီးမားကျယ်ပြန့်လူဦးရေထူထပ်သည့် နိုင်ငံကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်မှု ရရှိခဲ့သည်ဟု ယူဆမိပါသည်။

တရုတ်နိုင်ငံသားများသည် အတိတ်ကာလက ခါးသီးလှသည့် အတွေ့အကြုံများကို လေ့လာအတုယူကာ အချင်းချင်းစည်းလုံးညီညွတ်စွာ ခေတ်သစ်တရုတ်နိုင်ငံကြီးကို တည်ဆောက်နိုင်ခဲ့ကြသည်ကို တွေ့ရသည်။ နိုင်ငံအစိုးရသည် အလုပ်သမားနိုင်ငံသားတို့၏ ဝင်ငွေမှ သင့်တင့်မျှတသော အချိုးကျထည့်ဝင်ငွေများကို စုဆောင်းကာ နိုင်ငံအစိုးရ၏ ပံ့ပိုးမှုဖြင့် နိုင်ငံသားတိုင်း လူမှုရေးအာမခံဆိုင်ရာ ဆေးဝါးကုသရေး၊ မီးဖွားနိုင်ရေး၊ လုပ်ငန်းခွင်ထိခိုက်မှုဆိုင်ရာ ဆေးဝါးကုသရေးနှင့် ငွေကြေးအကျိုးခံစားခွင့်ရရှိရေး၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်ရရှိရေး၊ နိုင်ငံသားတိုင်း သက်ကြီးပင်စင်ခံစားနိုင်ရေးတို့က အစ နာရေးအကျိုးခံစားခွင့်များအထိ ထိရောက်စွာဆောင်ရွက်ပေးနေသဖြင့် လူမှုရေး အာမခံမှု သို့မဟုတ် လူမှုဖူလုံရေးအကျိုးခံစားမှုများ ဆောင်ရွက်ပေးနေမှုကို အထူးအားထား ယုံကြည်နေကြကြောင်း တွေ့ရသည်။

အာဆီယံနိုင်ငံများတွင် အတုယူစရာကောင်းသည်မှာ စင်ကာပူနိုင်ငံဖြစ်ပြီး နိုင်ငံအစိုးရက Central Provident Fund (CPF) “ဗဟိုစုဆောင်းသိုမှီးရန်ပုံငွေ” ကို ကောက်ခံထားခြင်းဖြစ်သည်။ ထို CPF စနစ်ကို ၁၉၅၅ခုနှစ်က စတင်ဆောင်ရွက်ပြီး

## ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

(Mandatory Retirement Savings) အငြိမ်းစားခံစားခွင့် စုဆောင်းငွေအဖြစ် စုဆောင်းကောက်ခံခဲ့ပါသည်။ နိုင်ငံသားများ အငြိမ်းစားယူသည့်အခါ မကြောင့်မကြ မတောင့်မတကြရလေအောင် ကြိုတင်စုဆောင်းပေးခြင်းဖြစ်သည်။ စတင်စဉ်က လူ ၁၈၀၀၀၀ခန့် မိမိတို့ လစဉ်ငွေ၏ အချိုးကျ ၂၀ရာခိုင်နှုန်းကို ထည့်ဝင်ပြီး အစိုးရကလည်း ၂၀ရာခိုင်နှုန်း ထည့်ဝင်စုဆောင်းသည်။ ထို CPF စနစ်သည် ယခုအခါ နိုင်ငံသားတိုင်းအတွက် နောင်ရေးစိတ်အေးစရာ အာမခံချက်ပေးနိုင်သော စနစ်တစ်ခုဖြစ်ကြောင်း တွေ့ရှိလာရသည်။ ထိုသို့ စုဆောင်းထားမှုကြောင့် နိုင်ငံသားတိုင်း၏ အငြိမ်းစားခံစားခွင့်သာမက၊ ဆေးကုသခွင့်၊ အိမ်ရာဝယ်ယူခွင့်တို့ကိုပါ စိတ်အေးလက်အေး ဆောင်ရွက်ပေးနိုင်နေကြောင်း တွေ့ရသည်။ CPF စနစ်ထည့်ဝင် စုဆောင်းသော နိုင်ငံသားပေါင်း သုံးသန်းနှင့် ဘဏ္ဍာငွေအင်အား ၁၅၁ဘီလီယံ (အမေရိကန်ဒေါ်လာ)မျှ ထိုသူတို့၏ စုဆောင်းငွေများတွင် စုဆောင်းမိပြီးဖြစ်ကြောင်း သိရသည်။ စင်ကာပူနိုင်ငံသားတို့၏ ၉၅ရာခိုင်နှုန်းကျော်မှာ ကိုယ်ပိုင်အိမ်ရာ လက်ဝယ်ပိုင်ဆိုင်ထားပြီးသူများလည်း ဖြစ်နေကြသည်။

ထိုစုဆောင်းငွေမှ နိုင်ငံသားများအတွက် အတိုးကိုပါ ခံစားခွင့်ပြုပြီး လိုအပ်သည့် အသုံးစရိတ်ကိုလည်း လိုအပ်သလောက် ထုတ်ယူခွင့်ပြုသဖြင့် ငွေကြေးအတွက် အထူးစိုးရိမ်စရာမရှိတော့လောက်သည်ကို တွေ့ရကြောင်း သိရသည်။

အခြားအာဆီယံနိုင်ငံများ၌လည်း နိုင်ငံသားတိုင်း၏ လူမှုရေးအာမခံမှုစနစ်များကို မိမိတို့ဒေသ အခြေအနေများနှင့်အညီ ဦးစားပေးဆောင်ရွက်နေကြပြီကို တွေ့ရသည်။ ယခင်ကာလများက အဆိုပါ လူမှုရေးအာမခံမှု/ လူမှုဖူလုံရေးစနစ် စသည်တို့မှာ နိုင်ငံအသီးသီးရှိ ဦးဆောင်အဖွဲ့အစည်းများက စိတ်ဝင်စားမှု မရှိခဲ့ကြသည်ကို တွေ့ရသည်။ သို့သော် တိုင်းပြည်၏ လူမှုစီးပွားရေးလုပ်ငန်းများကို တွန်းထိုးလုပ်နေသော်လည်း နိုင်ငံသားတို့၏ လူမှုရေးဝန်ထုပ်ဝန်ပိုးများကို ကြိုတင်မဖြေရှင်းနိုင်ပါက ကြီးမားသော အဟန့်အတားဖြစ်နေကြောင်းကို လက်ခံလာကြသည်။ ထို့ကြောင့် နိုင်ငံသားများ၊ လုပ်သားများ၊ ဝန်ထမ်းများ၏ လစဉ်ဝင်ငွေမှ သင့်တော်သော အချိုးအစားတစ်ခုကို အစိုးရက ကောက်ခံစုဆောင်းသိမ်းဆည်းပေးကာ ထိုအကျုံးဝင် ပြည်သူများ လူမှုရေးဒုက္ခများဖြစ်သော မနာမကျန်းဖြစ်မှု၊ မသန်မစွမ်းဖြစ်မှု၊ သားသမီး မီးဖွားမှု၊ မကျန်းမာသဖြင့် အလုပ်မလုပ်နိုင်မှု၊ အလုပ်လက်မဲ့ဖြစ်မှု၊ အငြိမ်းစားယူမှု၊ သေဆုံးရမှု စသည့်အခါများတွင် ပူပင်သောကကင်းဝေးစွာ ရင်ဆိုင်နိုင်ကြစေရန် ကြိုတင်စီမံဆောင်ရွက်ပေးခြင်းဖြစ်သည်။ ယင်းသည် “လူမှုဖူလုံရေးစနစ်”ပင်ဖြစ်သည်။

တရုတ်နိုင်ငံအပါအဝင် အာဆီယံနိုင်ငံအများစုတွင် ယာယီအလုပ်လက်မဲ့ဖြစ်နေပါက အလုပ်လက်မဲ့ငွေကြေး ခံစားခွင့်ပြုထားပြီး ထိုကာလအတွင်း ထိုသူလုပ်နိုင်မည့် အလုပ်များကို ရှာဖွေပေးခြင်း၊ လိုအပ်သော အရည်အချင်းဖြည့် သင်တန်းများပေးခြင်းတို့ကို ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ အမှန်မှာ ထိုစနစ်သည်“ပျား”များကဲ့သို့ နောင်ရေးအတွက် လိုအပ်ချက်တို့ ချင့်ချိန်ကြည့်ကာ ကြိုတင်စုဆောင်းထားပြီးမှ သုံးစွဲသည့်စနစ်ဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံအများစုတွင် ယခုအခါ အလုပ်သမားများ ဝန်ထမ်းများကိုသာ အဓိက လူမှုရေးအာမခံမှု အကျုံးဝင်သူများအဖြစ် ဆောင်ရွက်နေပြီး အခြားနိုင်ငံသားများကိုပါ ဆက်လက်အကျုံးဝင် ဆောင်ရွက်နိုင်အောင် ကြိုးစားနေကြသည်ကို တွေ့ရသည်။ အချို့နိုင်ငံတို့တွင် ဆေးကုသခွင့်ကို ကန်ထရိုက်စနစ်ဖြင့် ချိတ်ဆက်ထားသော ပြည်သူ့ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံများ၊ တပ်မတော်ဆေးရုံများတွင် ပြုလုပ်ကြောင်း တွေ့ရသည်။ အချို့မှာ စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းများကိုပါ အကျုံးဝင်စေကာ အာမခံမှုစနစ်ကို ဆောင်ရွက်နေကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့် အာမခံမှုလုပ်ငန်းများကို (Myanmar Insurance) မြန်မာ့အာမခံလုပ်ငန်းကဆောင်ရွက်ပြီး လူမှုရေးအာမခံမှုဆိုင်ရာ လူမှုဖူလုံရေးစီမံကိန်းကို အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၁၉၅၆ခုနှစ် ဇန်နဝါရီလက စတင်ဆောင်ရွက်ခဲ့သည်။ စတင်စဉ်က (Piloting Program) စမ်းသပ်အစီအစဉ်အဖြစ် ရန်ကုန်မြို့ မြူနီစီပယ်နယ်ပယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများတွင် စတင်ဆောင်ရွက်ခဲ့သည်။ အလုပ်သမား၊ အလုပ်ရှင်၊ နိုင်ငံတော်အစိုးရတို့က သင့်တော်သော အချိုးအဆဖြင့် ထည့်ဝင်ငွေများ ထည့်ဝင်စုဆောင်းကာ အကျုံးဝင်အလုပ်သမားများအား နာမကျန်းဖြစ်မှု၊ မီးဖွားမှု၊ လုပ်ငန်းခွင်ထိခိုက်မှု၊ နာမကျန်းပင်စင်ခံစားရမှု၊ အိမ်ထောင်ဦးစီးသေဆုံးမှု၊ မသန်မစွမ်းဖြစ်မှု၊ မိသားစုဝင်ငွေလျော့ကျ ရပ်စဲသွားသည့်အခါများတွင် ငွေကြေးခံစားခွင့်နှင့် အခမဲ့ဆေးကုသခွင့်ရရှိအောင် ဆောင်ရွက်ခဲ့သည်။ ယခုအခါ ပြည်နယ်နှင့်တိုင်း ၁၄ခုတွင် ၁၃ခုရှိ အလုပ်သမားပေါင်း ၅၀၂၅၉၃ဦး (အလုပ်ခွင်ပေါင်း ၃၄၈၁၃ဌာန) တို့ကို လူမှုရေးအာမခံမှုဆိုင်ရာ ဆောင်ရွက်ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။လူမှုဖူလုံရေးဆေးခန်းပေါင်း ၉၇ခန်း၊ ဌာနကြီးဆေးခန်းပေါင်း ၃၉ခန်း၊ အလုပ်သမားဆေးရုံကြီး သုံးခု၊ ရန်ကုန်မြို့တွင် ခုတင်(၂၅၀)ဆံ့၊ မန္တလေးမြို့တွင် ခုတင်(၁၅၀)ဆံ့ အလုပ်သမားဆေးရုံကြီးများနှင့် ထန်းတပင်မြို့နယ် (ရန်ကုန်တိုင်း) ခုတင် (၁၀၀)ဆံ့ တီဘီရောဂါအထူးကုဆေးရုံကြီးတို့ဖြင့် ကုသပေးနိုင်လျက်ရှိသည်။ တရုတ်နှင့် အာဆီယံနိုင်ငံတို့တွင် ထိုကဲ့သို့ အလုပ်သမားသီးသန့် ကုသပေးသည့် ဆေးရုံ၊ ဆေးခန်း စသည့်စနစ်များမရှိသည်ကို တွေ့ရသည်။

ပကတိ အခြေအနေအရ မြန်မာနိုင်ငံအနေဖြင့်လည်း ထိရောက်သော လူမှုရေးအာမခံမှုစနစ်ကို တိုးတက်ထူထောင်ရန် ရှိသည်ဖြစ်ရာ လိုအပ်သော ပြင်ဆင်မှုများ၊ စမ်းသပ်ဆောင်ရွက်မှုများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နေပြီဖြစ်သည်။ လက်ရှိဆောင်ရွက်နေသည့် အလုပ်သမားများသာမက နိုင်ငံ့ဝန်ထမ်းများ၊ လူတန်းစားအသီးသီးနှင့်တကွ နိုင်ငံသားအများစု အကျုံးဝင်အာမခံမှုများရရှိအောင် ဆောင်ရွက်မည်ဖြစ်သည်။ တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် လူမှုရေးအာမခံမှုစနစ်များ အထိုက်အလျောက် အောင်မြင်မှုများရှိနေသော်လည်း တစ်ဖက်တွင် စိန်ခေါ်မှုများ၊ အခက်အခဲများကိုလည်း ရင်ဆိုင်ရလျက်ရှိကြောင်း တွေ့ရသည်။

တရုတ်-အာဆီယံလူမှုရေး အာမခံမှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲမှ ရရှိသော အတွေ့အကြုံများသည် မြန်မာနိုင်ငံ၏ လူမှုရေးအာမခံမှု၊ လူမှုဖူလုံရေးစနစ် ဆောင်ရွက်မှုများအတွက် ကြီးမားသော တွန်းအားများဖြစ်လာပါသည်။ ဖြည်းဖြည်းမှန်မှန် ဆောင်ရွက်နေခဲ့သော လူမှုဖူလုံရေးလုပ်ငန်းများကို ခေတ်နှင့် အချိန်နှင့်အညီ တိုးချဲ့ဆောင်ရွက်သွားတော့မည်ဖြစ်သည်။အထက်ပါနိုင်ငံတို့တွင် “လူမှုဖူလုံရေးစနစ်” သည် နိုင်ငံသားတိုင်းအားထားရသော စနစ်တစ်ခုအဖြစ် ရပ်တည်နေသကဲ့သို့ နိုင်ငံသားတို့ကို အမှန်တကယ် ထိရောက်စွာ အကျိုးပြုနိုင်သော အဖွဲ့အစည်းစနစ် တစ်ရပ်အဖြစ် ဂုဏ်ရှိရှိဆောင်ရွက်နိုင်သည့် အဖွဲ့ဖြစ်အောင်လည်း သက်ဆိုင်ရာဝန်ထမ်းများက ဆောင်ရွက်ကြဖို့ ဖြစ်ပါသည်။

ယနေ့တိုးတက်နေသော နိုင်ငံအချို့ကိုလေ့လာကြည့်လျှင် “တိုးတက်မှုဟူသည် အကြောင်းမဲ့ဖြစ်လာခြင်း”မဟုတ်ကြောင်း တွေ့နိုင်သည်။ နိုင်ငံသားအများစုသည် စည်းကမ်းရှိခြင်း၊ စည်းကမ်းကို လေးစားလိုက်နာခြင်း၊ အလုပ်လုပ်ခြင်း၊ အလုပ်ကြိုးစားခြင်း၊ ညီညွတ်ကြခြင်းတို့ကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းကာ တိုးတက်ခိုင်မာလာသည်ကို တွေ့ရသည်။ ထို့ကြောင့် ကျွန်တော်တို့အားလုံး စည်းကမ်းရှိဖို့၊ အလုပ်ကြိုးစားဖို့၊ ညီညွတ်ကြဖို့ ပိုမိုကြိုးစားကြရပါမည်။ တရုတ်နိုင်ငံ ကျုံရှမ်းမြို့ရှိ ခေတ်သစ်တရုတ်နိုင်ငံကြီးကို တည်ထောင်ခဲ့သော ဒေါက်တာ ဆွန်ယက်ဆင်၏ နေအိမ်ပြခန်းတွင် “လူသားအားလုံး ကောင်းကင်ပြာကြီးအောက်မှာ အသက်ရှင်နေထိုင်ကြတာဖြစ်တယ်။ ကောင်းကင်ပြာကြီးကပေးတဲ့လေကိုရှူ၊ ရေကိုသောက်ပြီး အသက်ရှင်နေကြတာမို့ လူတိုင်းအားလုံး အခွင့်အရေးအတူတူပါပဲ။ သူများတကာတွေ တိုးတက်ကြီးပွားနေရင် ဒို့တစ်တွေလည်း ကြီးပွားတိုးတက်အောင် ဘာဖြစ်လို့ မကြိုးစားနိုင်ရမှာလဲ၊ ဒို့နိုင်ငံသားတွေ ကြိုးစားကြ”ဟူသော အဆိုအမိန့်ကိုလည်း မှတ်သားခဲ့ရပါသည်။

ကျွန်တော်တို့၏ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်ကြရန် ကျွန်တော်တို့အားလုံးအပေါ်၌သာ တည်ပါသည်။ ကျွန်တော်တို့အားလုံး စည်းကမ်းရှိရှိ၊ အလုပ်ကြိုးစား စည်းလုံးညီညွတ်ကြဖို့ ကြိုးစားကြပါစို့ဟု တိုက်တွန်းလိုပါသည်။ နိုင်ငံသားတိုင်း နောက်ကြောင်း နောက်ဆံမတင်းဘဲ တာဝန်အသီးသီး ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အထောက်အကူပေးနိုင်သည့် “**ခေတ်သစ်လူမှုဖူလုံရေးစနစ်**”ဖြင့်လည်း နိုင်ငံတော်ကြီး တည်ဆောက်မှုကို များစွာအထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်းကိုပါ ထပ်လောင်းအကြံပြု တိုက်တွန်းအပ်ပါသည်။ နိုင်ငံသားတိုင်း စားဝတ်နေမှု၊ ကျန်းမာမှုများဖူလုံမှ လူမှုဘဝပြည့်စုံမည်။ လူမှုဘဝပြည့်စုံမှ နိုင်ငံအေးချမ်းတိုးတက် ဖွံ့ဖြိုးနိုင်မည်ဖြစ်ပေသည်။ ။

## ဖဲကြိုးဖြတ်ဖွင့်

**(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းဘူးမြို့ အမှတ် (၂)ရပ်ကွက် တောရကျောင်းလမ်း ကတ္တရာလမ်းသစ်ကို ဇန်နဝါရီ ၄ရက်က မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေးနှင့် အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ်စည်ပင်)

## ပျိုးပင်များ ပျိုးထောင်ထားမှု အုတ်တွင်းစည်ပင်စစ်ဆေး

**အုတ်တွင်း ဇန်နဝါရီ ၃၁**

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ဇန်နဝါရီ ၁၂ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ဇော်လင်းတို့က ရှင်းလင်းတင်ပြခဲ့သည်။

**(မြို့နယ်စည်ပင်)**

**(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပင်လုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးခဲ့သော ကျပ် ၁၃သိန်းခွဲ အကုန်အကျခံ တည်ဆောက်ခဲ့သော ရပ်ကွက်(၁)ရေပိုက်လိုင်းနှင့် ကိုယ့်အားကိုယ်ကိုး အများသုံးအုတ်ရေကန်ဖွင့်ပွဲကို အဆိုပါ အများသုံးအုတ်ရေကန်တွင် ကျင်းပရာ လွိုင်လင်ခရိုင်ဥက္ကဋ္ဌ ဦးကျော်ခိုင်စိုး အမှာစကားပြောကြားပြီး ရေပိုက်လိုင်းနှင့် အုတ်ရေကန်ကို အလှူရှင်မိသားစုက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

## ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၃၁**

မြန်မာပို့စ်ဂျာနယ် အတွဲ(၂) အမှတ် (၅)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group က မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံပလာဇာ၌ ကျင်းပခဲ့သော ဒုတိယအကြိမ် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်သို့ သွားရောက်လေ့လာဆန်းစစ်တင်ပြထားသည့် ကမ္ဘာတွင်မရှိသေးသည့် မြန်မာ့သစ်သားပန်းပုလက်ရာ ၂၀၀၀ကျော် အရောင်းပွဲတော်ကြီး မျက်နှာဖုံးဆောင်းပါး၊ သီချင်းမူပိုင်ခွင့်စည်းမျဉ်းသစ်ကြောင့် ဇာတ်ဝင်တေးသက်သက် သီးခြားဖန်တီးရန် စိတ်အားထက်သန်နေသည့် ရုပ်ရှင်၊ ဗီဒီယိုလုပ်ငန်းရှင်များနှင့် ဂီတအစည်းအရုံးမှ တာဝန်ရှိသူများကို တွေ့ဆုံလျက် လေ့လာတင်ပြထားသော ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားများတွင် နာမည်ရသီချင်းများကို အသုံးပြုလိုလျှင် အလွှာငါးလွှာ၏ သဘောတူညီချက်လိုအပ် သတင်းဆောင်းပါး၊ စက်သုံးဆီလုပ်ငန်း ပုဂ္ဂလိကလုပ်ပိုင်ခွင့်လွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ အနာဂတ်အလားအလာမျှော်မှန်းတင်ပြထားသော စက်သုံးဆီရောင်းဝယ်ရေး ပုဂ္ဂလိကလက်ဝယ်ရောက်တော့မည် သတင်းဆောင်းပါး၊ နစ်မြုပ်သွားသည့် ကိုရီးယားသင်္ဘောတွင် တာဝန်ထမ်းဆောင်နေသော မြန်မာသင်္ဘောသားများ ပျောက်ဆုံးလျက်ရှိ၊ နေရောင်ခြည်သုံး လျှပ်စစ်စွမ်းအင်(Solar Energy)စနစ် မြန်မာနိုင်ငံတွင် တွင်ကျယ်စွာ အသုံးပြုနိုင်တော့မည်၊ မြန်မာ့ဆန် အပြည်ပြည်ဆိုင်ရာဈေးကွက်သို့ ပိုမိုထိုးဖောက်၊ အထပ်မြင့်အဆောက်အအုံများအတွက် စက်လှေကား၊ ဓာတ်လှေကားနှင့် Elevator ဈေးကွက်တိုးချဲ့၊ သင်္ကြန်ပွဲတော်အထိ ရန်ကုန်၊ ဗန်ကောက်နှင့် စင်ကာပူပြည်ပလေယာဉ် နေရာများပြည့်နေပြီ စသည့် လေ့လာသိရှိသင့်သည့် သတင်းများစုံလင်စွာ ဖော်ပြပါရှိသည်။

ထို့အပြင် မောင်ဝံသ၊ဒေါက်တာအောင်ထွန်းသက်၊နေဇင်လတ်စသည့် စာရေးဆရာကြီးများ၏ ဆောင်းပါးများ၊ မြန်မာပို့စ်ဂျာနယ်၏ အပတ်စဉ်ထည့်သွင်းဖော်ပြလျက်ရှိသည့် နိုင်ငံတကာ၊ နိုင်ငံရေး၊ စီးပွားရေးသတင်းများ၊ ပြည်တွင်း၊ ပြည်ပအနုပညာသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာတစ်လွှား ထူးခြားဖြစ်ရပ်များ၊ ဗဟုသုတ၊ မှုခင်းစုံ စသည့် ကဏ္ဍများ ဝေဝေဆာဆာ တင်ဆက်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# အန်ဒါဆင် မန်ယူကို ကျောခိုင်းဖို့ ကြံရွယ်တာလား

ရေးသူ - ထင်ကျော်ထက် ➤ စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

**လန်ဒန် ဇန်နဝါရီ ၃၁**

မန်ယူအသင်းရဲ့ အိုးထရက်ဖို့ဒ်မှာ ဇန်နဝါရီ ၂၅ရက်က မန်ယူအသင်းလေ့ကျင့်ကွင်းကို ဘရာဇီးကွင်းလယ် ကစားသမား အန်ဒါဆင်တစ်ယောက် ရောက်မလာဘဲ ပျက်ကွက်ခဲ့ပါတယ်။ ဘာကြောင့် ပျက်ကွက်ခဲ့တာလဲ ဆိုတော့ အန်ဒါဆင်ဟာ သူ့ရဲ့ဇာတိနိုင်ငံ ဘရာဇီးကိုပြန်ပြီး ဗာစကိုဒဂါးမားရဲ့ တာဝန်ရှိသူတွေနဲ့ သွားရောက် တွေ့ဆုံခဲ့လို့ပဲဖြစ်တယ်လို့ ဆိုပါတယ်။

**သတင်းထွက်**

အန်ဒါဆင်ဟာ အသင်းရဲ့ခွင့်ပြုချက်မရဘဲ အဲဒီခရီးစဉ်ကို သွားရောက်ခဲ့တာလို့ ဆိုပါတယ်။ အဲဒီလို သွားခဲ့တဲ့အတွက် အန်ဒါဆင်ဟာ သီတင်းနှစ်ပတ်စာ လုပ်ခလစာ ဖြတ်တောက်တဲ့အထိ အရေးယူခံရဖွယ်ရှိပါတယ်။

**မဖြစ်နိုင်သေး**

ဗာစကိုဒဂါးမား အားကစားဒါရိုက်တာ ရိုဒရီဂို ကာတာနိုကတော့ ဗာစကိုဒဂါးမား တာဝန်ရှိသူတွေနဲ့ အန်ဒါဆင် လာရောက်တွေ့ဆုံတယ်ဆိုတာကို မငြင်းဆန်ပါဘူး။ အန်ဒါဆင်ဟာ အလားအလာ အများကြီးရှိတဲ့ ဘောလုံးပါရမီရှင်ပါ။ ဒါပေမယ့် သူဟာ မန်ယူနဲ့ နှစ်ရှည်စာချုပ်ချုပ်ဆိုထားတဲ့သူမို့ ခေါ်ယူဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူးလို့ ကာတာနိုက ဆိုပါတယ်။

**မွေးဖွား**

အန်ဒါဆင်ကို ၁၉၈၈ခုနှစ် ဧပြီ ၁၃ရက်မှာ ဘရာဇီးနိုင်ငံ ပေါ်တိုအလီဂရီမြို့လေးမှာ မွေးဖွားခဲ့လို့ အခုဆိုရင် အသက် ၂၂နှစ်တင်းတင်းပြည့်တော့မှာပါ။ ရော်နယ်ဒင်ဟိုကိုလည်း အန်ဒါဆင်ရဲ့ ဇာတိမြို့မှာပဲ မွေးဖွားခဲ့တာပါ။

**ပွဲထွက်ခွင့်ရ**

အန်ဒါဆင်ဟာ သူအသက်ရှစ်နှစ်အရွယ် ၁၉၉၃ ခုနှစ်မှာ သူ့ရဲ့ဇာတိမြို့က ဂရီမီယိုအသင်းမှာ သူ့ရဲ့ ဘောလုံးသမားဘဝကို စတင်ခဲ့ပါတယ်။ သူဟာ ၂၀၀၅ ခုနှစ်မှာ ပေါ်တူဂီအသင်း ပေါ်တိုက မခေါ်ယူမီ အထိ ဂရီမီယိုအသင်းမှာ ငါးပွဲသာ ပွဲထွက်ခွင့်ရခဲ့ပါတယ်။

**စွမ်းဆောင်ပေးနိုင်**

၂၀၀၅ခုနှစ် နှစ်ကုန်ခါနီး ဒီဇင်ဘာလမှာတော့ ပေါ်တူဂီအသင်းပေါ်တိုက ဆက်သွယ်ခေါ်ယူခဲ့ပါတယ်။ ပေါ်တိုအသင်းနဲ့အတူ ပွဲဦးထွက် ပွဲထွက်ခွင့်ရတာကတော့ ၂၀၀၆ခုနှစ် မတ် ၅ရက်ဖြစ်ပြီး အဲဒီဘောလုံးရာသီမှာ ပေါ်တိုအသင်းကို ပေါ်တူဂီ ချန်ပီယံဆုဖလား ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။

မန်ယူကွင်းလယ်ကစားသမား အန်ဒါဆင်။
(အင်တာနက်ဓာတ်ပုံ)

**ဆက်လက်ရှိ**

၂၀၀၆-၂၀၀၇ ဘောလုံးရာသီ ရာသီအကြို ခြေစမ်းပွဲအဖြစ် မန်ယူအသင်းနဲ့ ကစားစဉ်မှာ ခြေထောက်တစ်ဖက် ကျိုးခဲ့လို့ အဲဒီဘောလုံးရာသီမှာ ၁၅ပွဲသာ ပွဲထွက်ခွင့်ရရှိခဲ့ပြီး နှစ်ဂိုးသာသွင်းယူနိုင်ခဲ့ပေမယ့် ပေါ်တိုဟာ ပေါ်တူဂီချန်ပီယံဆုဖလား ဆက်လက်ရရှိခဲ့ပြန်ပါတယ်။

**ဆွတ်ခူးနိုင်**

၂၀၀၅ခုနှစ်ကတော့ အန်ဒါဆင်ရဲ့ ဘောလုံးသမားဘဝနဲ့ အကျိုးပေးတဲ့နှစ်လို့ ဆိုရမှာပါပဲ။ သူဟာ အသက် ၁၇နှစ်အောက် ဘရာဇီးလူငယ် လက်ရွေးစင်အသင်းနဲ့အတူ ဖီဖာ အသက် ၁၇နှစ်အောက် ကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး ပြိုင်ပွဲမှာ အကောင်းဆုံး ဘောလုံးသမားအဖြစ် ရွှေဘောလုံးဆုကို ဆွတ်ခူးပေးနိုင်ခဲ့လို့ပါပဲ။

**စာချုပ်ချုပ်ဆို**

၂၀၀၇ခုနှစ် မေ ၃၀ရက်မှာတော့ အက်ဖ်စီပေါ်တို ကစားသမား အန်ဒါဆင်ကို မန်ယူက ထုတ်ဖော်ကြေညာခြင်းမရှိတဲ့ ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူဖို့ သဘောတူလိုက်ပြီလို့ အတည်ပြု သတင်းထုတ်ပြန်ခဲ့ပါတယ်။ ပြောင်းရွှေ့ကြေးကို မကြေညာခဲ့ပေမယ့်လည်း ပေါင် ၁၈သန်းလို့ သတင်းထွက်ခဲ့ပါတယ်။ အန်ဒါဆင်ဟာ ဇွန် ၂၉ရက်မှာ အင်္ဂလန်၌ အလုပ်လုပ်ခွင့် ပါမစ်ရရှိခဲ့ပြီး ဇူလိုင် ၂ရက်မှာ မန်ယူနဲ့ ငါးနှစ်သက်တမ်းရှိတဲ့ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ပါတယ်။

**ပွဲချိန်ပြည့်**

အန်ဒါဆင်ဟာ ၂၀၀၇ခုနှစ် စက်တင်ဘာ ၁ရက်မှာ မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ် ပွဲဦးထွက် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ပြီး ဒုတိယပိုင်းမှာ လူးဝစ်ဆာဟာအစား လူစားလဲကစားရင်း အနိုင်ဂိုး သွင်းယူနိုင်တဲ့အတွက် အောင်မြင်မှုနဲ့ စတင်နိုင်ခဲ့ပါတယ်။ အဲဒီနှစ်မှာပဲ မန်ယူနဲ့ စပို့တင်းလစ္စဘွန်းတို့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ ပွဲချိန် ၇၆မိနစ်မှာ ရိုင်ယန်ဂစ်နဲ့ လူစားလဲ ကစားခဲ့ပါတယ်။ စက်တင်ဘာ ၂၆ရက်မှာတော့ ကာလင်းဖလားပြိုင်ပွဲမှာ မန်ယူနဲ့ ကိုဗင်ထရီတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲမှာ ပွဲချိန်ပြည့်ပါဝင်ကစားခွင့်ရခဲ့ပါတယ်။

**ပါရမီရှင်**

ဇာတိနိုင်ငံအသင်း ဂရီမီယိုနဲ့အတူ စီးရီးဘီသရဖူ၊ ပေါ်တိုအသင်းနဲ့အတူ ၂၀၀၅-၂၀၀၆၊ ၂၀၀၆-၂၀၀၇ နှစ်တွေမှာ ပေါ်တူဂီချန်ပီယံဆုဖလား၊ ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း တာကာဒီပေါ်တူဂီဖလား၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် စူပါဖလား၊ မန်ယူနဲ့အတူ ၂၀၀၇ခုနှစ်မှာ ကွန်မြူနတီဒိုင်း၊ ၂၀၀၇-၂၀၀၈ နဲ့ ၂၀၀၈-၂၀၀၉ နှစ်များမှာ ပရီမီယာလိဂ်ဖလား၊ ၂၀၀၇-၂၀၀၈ခုနှစ်မှာပင် ချန်ပီယံလိဂ်ဖလားတို့ကို အသီးသီးဆွတ်ခူးပေးထားနိုင်တဲ့ အန်ဒါဆင်ဟာ ကွင်းလယ်တိုက်စစ်မှူး အနေနဲ့သာမက ဘယ်နောက်ခံလူအဖြစ်နဲ့ပါ နေရာစုံက ကစားနိုင်တဲ့ ပါရမီရှင် ဘောလုံးသမားတစ်ဦးပါ။

**စောင့်ကြည့်**

အခုဘောလုံးရာသီမှာတော့ အန်ဒါဆင်ဟာ ပရီမီယာလိဂ်ပွဲစဉ် (၂၃)ပွဲ ကစားပြီးတဲ့အထိ ကိုးပွဲသာပါဝင်ပွဲထွက်ခွင့် ရသေးတယ်လို့ ဆိုပါတယ်။ ဒီလိုအခြေအနက ပုံမှန်ပွဲထွက်လိုတဲ့ အန်ဒါဆင်ကို ဖိအားပေးခဲ့လို့ ပေါက်ကွဲပြီး မန်ယူရဲ့ ခွင့်ပြုချက်ကို မယူတဲ့ အပြင် လေ့ကျင့်ကွင်းလည်း မဆင်းဘဲ ဇာတိဘရာဇီးအသင်းဖြစ်တဲ့ ဗာစကိုဒဂါးမားက တာဝန်ရှိသူတွေနဲ့ သွားရောက်တွေ့ဆုံဆွေးနွေးတဲ့အဆင့်အထိ ဖြစ်ခဲ့ရတာပါ။ အဲဒီအချိန်မှာပဲ ပြင်သစ်အသင်း လိုင်ယွန်က အန်ဒါဆင်ကို ခေါ်ယူစာချုပ်ဖို့ ဆက်သွယ်ခဲ့ပြန်ပါတယ်။ ဒါကြောင့် မန်ယူမှာ မပျော်ပိုက်တော့တဲ့ အန်ဒါဆင်ရဲ့ အနာဂတ်ကို စောင့်ကြည့်ရတော့မှာ ဖြစ်ပါကြောင်း။ ။

**ကိုးကား-အင်တာနက်**

## အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

### ဘာဘယ်လ်အား မရောင်းဟု ဘင်နီတက်ဇ်ဖွင့်ဟ

*အပြောင်းအရွှေ့ရာသီပိတ်သည့် ဖေဖော်ဝါရီ ၁ရက် (ယနေ့)တိုင်အောင် လီဗာပူးတောင်ပံကစားသမား ရိုင်ယန်ဘာဘယ်လ်အား ရောင်းမည်မဟုတ်ဟု လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်က ဖွင့်ဟပြောကြားခဲ့ကြောင်း သည်တိုင်းမ်စ်၌ ဖော်ပြသည်။*

### ဖီဂွီယိုအာကို အချိန်မရွေး ဇီဂန်မှ ထွက်ခွာခွင့်ပြုမည်

*ဇီဂန်အသင်းက ဟွန်ဒူးရပ်စ်လက်ရွေးစင်အသင်း ကစားသမား ဖီဂွီယိုအာအား ဇန်နဝါရီ ၂၉ရက်က စာချုပ်သစ်ထပ်မံချုပ်ဆိုခဲ့သော်လည်း ဇီဂန်အသင်းမှ ၎င်းထွက်ခွာချင်သည့်အချိန်တွင် ထွက်ခွာခွင့်ပြုမည်ဟု ဇီဂန်အသင်းပိုင်ရှင် ဒေ့ဗ်ဝီလန်က ပြောကြားခဲ့ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။*

### တိုက်စစ်မှူးချာမက်ချ်အား စာချုပ်ခေါ်ယူရန် ဝင်းဂါးကမ်းလှမ်း

*ဘော်ဒိုးတိုက်စစ်မှူး မာရိုနီချာမက်ချ်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ကမ်းလှမ်းခဲ့ကြောင်း ဒေးလီးမေးရာ၌ ဖော်ပြသည်။*

### ပါးမားကွင်းလယ်မှ မာရီဂါအား မန်စီးတီး ကမ်းလှမ်းထား

*စီးရီးအေအသင်းပါးမားမှ ကွင်းလယ်ကစားသမား မက်ဒေါ်နယ်လ်မာရီဂါအား မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေး ပေါင်ခုနစ်သန်းဖြင့် ကမ်းလှမ်းခဲ့ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။*

### ဘလက်ဘန်းတိုက်စစ်မှူးရောဘတ်အား ဝူလ်ဗာဟမ်တန်ခေါ်ယူဖွယ်

*ဝူလ်ဗာဟမ်တန်အသင်းသည် ဘလက်ဘန်းတိုက်စစ်မှူး ဂျေဆင်ရောဘတ်အား ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိပြီး ပြောင်းရွှေ့ကြေး ပေါင်နှစ်သန်းဖြင့် စာချုပ်ခေါ်ယူဖွယ်ရှိကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။*

### ဘီတီကိုခေါ်ယူရန် ဘလက်ဘန်းအား ဒေးဗစ်ဒွန်း တိုက်တွန်း

*ဘလက်ဘန်းတိုက်စစ်မှူး ဘင်နီမက္ကာသီ၏နေရာတွင် အစားထိုးရန်အတွက် စတုတ်စီးတီးတိုက်စစ်မှူး ဂျိမ်းစ်ဘီတီအားခေါ်ယူရန် ဘလက်ဘန်းအသင်းအား ဒေးဗစ်ဒွန်းက တိုက်တွန်းပြောကြားခဲ့ကြောင်း ဒေးလီးမေးရာ၌ ဖော်ပြသည်။*

### စပါးတိုက်စစ်မှူးကိန်း ဆန်းဒါးလန်းသို့ ရောက်ရှိဖွယ်

*စပါးတိုက်စစ်မှူး ရော်ဘီကိန်းအား ဆန်းဒါးလန်းနည်းပြ စတိဘရုစ်က ပြောင်းရွှေ့ကြေး ပေါင်ကိုးသန်းဖြင့် ကမ်းလှမ်းခဲ့ပြီးနောက် ကိန်းသည် ဆန်းဒါးလန်းသို့ ရောက်ရှိဖွယ်ရှိကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်၌ ဖော်ပြသည်။*

### ဘီနာယောင် လီဗာပူးမှ ထွက်ခွာဖွယ်ရှိ

*လီဗာပူးတွင် မပျော်ပိုက်တော့သော အစ္စရေးနှင့် လီဗာပူးကွင်းလယ်ကစားသမား ဘီနာယောင်သည် လီဗာပူးမှ ထွက်ခွာဖွယ်ရှိကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်၌ ဖော်ပြသည်။*

### စတီဗင်ဟန့်အား ဝူလ်ဗာဟမ်တန်ကမ်းလှမ်းမှု ဟူးလ်စီးတီးငြင်း

*ဟူးလ်စီးတီးတောင်ပံကစားသမား စတီဖင်ဟန့်အား ဝူလ်ဗာဟမ်တန်က ပေါင်လေးသန်းဖြင့် ကမ်းလှမ်းမှုကို ဟူးလ်စီးတီးက ငြင်းပယ်ခဲ့ကြောင်း ဆန်းဒေးမေရာ၌ ဖော်ပြသည်။*

### တိုက်စစ်မှူးအိုဝင် မန်ယူမှ ထွက်ခွာဖွယ်ရှိ

*မန်ယူတိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ယခုနွေရာသီတွင် အိုးထရက်ဖို့ဒ်မှ ထွက်ခွာဖွယ်ရှိကြောင်း ဆန်းဒေးမေရာ၌ ဖော်ပြသည်။*

### ဂီဒိုအားခေါ်ယူရေး ဝူလ်ဗာဟမ်တန်နှင့် ဖူလ်ဟမ် အပြိုင်ကြိုးစား

*အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲတွင် ခြေစွမ်းပြကစားခဲ့သော အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဂီဒိုအား ခေါ်ယူရန် ဝူလ်ဗာဟမ်တန်နှင့် ဖူလ်ဟမ်တို့ အပြိုင်ကြိုးစားနေကြကြောင်း ဆန်းဒေးမေရာ၌ ဖော်ပြသည်။*

### တိုက်စစ်မှူး မော့ဆက်စ်အား ဇီဂန် ခေါ်ယူရေးနီးစပ်

*ဇီဂန်အသင်းသည် ခရစ္စတယ်ပဲလေ့စ်မှ ပေါင်နှစ်သန်းခွဲတန် တိုက်စစ်မှူး ဗစ်တာမော့ဆက်စ်အား ခေါ်ယူရေးနီးစပ်လာပြီဖြစ်ကြောင်း မေးလ်အွန်ဆန်းဒေး၌ ဖော်ပြသည်။*

### တိုက်စစ်မှူးအွန်နရီ ဘာစီလိုနာမှ ထွက်ခွာဖွယ်

*စပိန်လာလီဂါထိပ်သီး ဘာစီလိုနာအသင်းသည် ၎င်းတို့၏ တိုက်စစ်အင်အားကို ဖြည့်တင်းရန်အတွက် ဗလင်စီယာမှ ဒေးဗစ်ဆီလ်ဗာနှင့် ဘိုင်ယန်မြူးနစ်မှ ဖရန့်ရီဘာရီတို့ကို ခေါ်ယူရန် ဆောင်ရွက်ခဲ့ပြီးနောက် ဘာစီလိုနာ တိုက်စစ်မှူး အွန်နရီသည် ယခုနွေရာသီတွင် အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း မေးလ်အွန်ဆန်းဒေး၌ ဖော်ပြသည်။*

## မည်မျှငွေပုံပေးသည်ဖြစ်စေ ရွန်နေအားရောင်းမည်မဟုတ်

လန်ဒန် ဇန်နဝါရီ ၃၁

**တိုက်စစ်မှူး ရွန်နေအား မည်မျှငွေပုံပေးသည်ဖြစ်စေ ရောင်းချမည်မဟုတ်ကြောင်း မန်ယူအမှုဆောင်အရာရှိ ဒေးဗစ်ဂေးလ်က ပြောသည်။**

**ရွန်နေသည် ယခုနှစ်ဘောလုံး ရာသီတွင် မန်ယူအတွက် ၂၁ဂိုး သွင်းယူပေးထားပြီဖြစ်သည်။ ဥရောပကလပ် အများအပြားက ကမ်းလှမ်းလာနိုင်ကြောင်း၊ ဘာစီလိုနာနှင့် ရီရဲမက်ဒရစ်တို့ ကလည်း စိတ်ဝင်စားနေကြောင်း ဒေးဗစ်ဂေးလ်က ပြောကြားသည်။ တိုက်စစ်မှူး ရွန်နေသည် နည်းပြဖာဂူဆန်၏ လက်ထက်တွင် ဘောလုံး အရည်အသွေးပြည့်ဝလာပြီး ယခုနှစ်အတွင်း ခြေစွမ်းပြကစားလာသူ ဖြစ်သည်။ ဤသို့ ဂိုးသွင်းအား ကောင်းနေသော တိုက်စစ်မှူး ရွန်နေအား ၂၀၀၉ခုနှစ် ဇူလိုင်တွင် စပိန် နာမည်ကြီးအသင်း ရီရဲမက်ဒရစ်က ယူရို ၄၁သန်းဖြင့် ကမ်းလှမ်းခဲ့သည်။**

(အင်တာနက်)

## ခံစစ်မှူးကာဘိုးလ်အား စပါး ပြန်လည်ခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၃၁**

ပို့စ်မောက်ဗ်ဟိုခံစစ်မှူး ကာဘိုးလ် အား စပါးက ပြန်လည်ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။ ကာဘိုးလ်သည် ပို့စ်မောက် အတွက် ပွဲပေါင်း ၅၀ ပါဝင် ကစားခဲ့ရာ လေးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အသက် ၂၄နှစ်ရှိ ကာဘိုးလ်အား ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် စပါးက ပြင်သစ်ကလပ် အော်ဇေးမှ ပေါင်ရှစ်သန်းဖြင့် ခေါ်ယူခဲ့သည်။ ၎င်းအား စပါးက ၂၀၀၈ခုနှစ် ဩဂုတ်လတွင် ပို့စ်မောက်သို့ ပေါင်ခြောက်သန်းဖြင့် ရောင်းချခဲ့သည်။

**(အင်တာနက်)**

## သြစတြေးလျ ဂရင်းဆလမ်ဖလား ဆီရီနာဝီလျံ ဆွတ်ခူးနိုင်ခဲ့

**မဲလ်ဘုန်း ဇန်နဝါရီ ၃၁**

အမေရိကန် တင်းနစ်ချန်ပီယံ ဆီရီနာဝီလျံသည် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဂျပ်စတင်းဟေနင်အား အနိုင်ရပြီး ပဉ္စမအကြိမ်မြောက် သြစတြေးလျအိုးပင်းချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးနိုင်ခဲ့သည်။

**ဆွတ်ခူးနိုင်**

ဆီရီနာဝီလျံသည် ဂျပ်စတင်းဟေနင်အား ၆-၄၊ ၃-၆၊ ၆-၂ ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ ဆီရီနာသည် ယင်းဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် သူမ၏ တင်းနစ်ကစားသမား သက်တမ်းတစ်လျှောက်တွင် တစ်ဦးချင်းပြိုင်ပွဲအတွက် ၁၂လုံးမြောက် ဂရင်းဆလမ်ဖလားအဖြစ် ဆွတ်ခူးနိုင်ခြင်းဖြစ်သည်။

အသက်၂၈နှစ်ရှိ အမေရိကန် တင်းနစ်မယ် ဆီရီနာဝီလျံသည် ယင်းဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် အမေရိကန် ကမ္ဘာ့ကျော်တင်းနစ်မယ် ဘီလီဂျင်းကင်း ဆွတ်ခူးနိုင်ခဲ့သည့် ဂရင်းဆလမ်ဖလား အရေအတွက်နှင့် တူညီသွားပြီဖြစ်သည်။

**(အင်တာနက်)**

မြင့်မောင်စိုး-စုစည်းသည်

## ဂျွန်တယ်ရီ၏ဂိုးဖြင့် ချယ်လ်ဆီး ဦးဆောင်နေ

**လန်ဒန် ဇန်နဝါရီ ၃၁**

ပရီမီယာလိဂ်ပွဲစဉ် (၂၄)ပြိုင်ပွဲများကို ဇန်နဝါရီ ၃၀ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးက ဘန်လေကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုးကို အသင်းခေါင်းဆောင် ဂျွန်တယ်ရီက သွင်းယူ ပေးနိုင်ခဲ့၍ ချယ်လ်ဆီးသည် အမှတ်ပေးဇယားတွင် လေးမှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်းအတွက်အဖွင့်ဂိုးကို အနယ်လ်ကာက ပထမပိုင်းပွဲချိန် ၂၇ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဘန်လေအသင်းအတွက် ဖလက်ချာက ချေပဂိုးသွင်းယူခဲ့သည်။ ချယ်လ်ဆီးအတွက် တန်ဖိုးအရှိဆုံး အနိုင်ဂိုးကို အသင်းခေါင်းဆောင် ဂျွန်တယ်ရီက သွင်းယူပေးခဲ့သည်။ "မိမိတို့ ဒီပွဲမှာ ခက်ခက်ခဲခဲ ကစားခဲ့ရတဲ့ပွဲပါ၊ အထူးသဖြင့် ဒုတိယပိုင်းမှာ ပိုပြီးခက်ခဲပါတယ်။ ဒီအခက်အခဲထဲကနေ အနိုင်ဂိုးသွင်းယူနိုင်ခဲ့တာ ထိုက်တန်တဲ့ အောင်မြင်မှု တစ်ရပ်လို့ ဆိုရမှာပါ"ဟု ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ပြောကြားသည်။

**အခြားပွဲရလဒ်**

| | | |
|---|---|---|
| **လီဗာပူး** | ၂ - ၀ | **ဘော်လ်တန်** |
| **ဖူလ်ဟမ်** | ၀ - ၂ | **အက်စ်တွန်ဗီလာ** |
| **ဟူးလ်စီးတီး** | ၂ - ၂ | **ဝူလ်ဗာဟမ်တန်** |
| **ဘာမင်ဂမ်** | ၁ - ၁ | **စပါး** |
| **ဝက်စ်ဟမ်း** | ၀ - ၀ | **ဘလက်ဘန်း** |

(အင်တာနက်)

# အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဇန်နဝါရီ ၃၁

## ဗန်းမော် စီအင်ကျေးရွာ၌ စာကြည့်တိုက်ဆောက်လုပ်

ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်သည် ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီက စီအင်ကျေးရွာသို့ သွားရောက်၍ တက်နေလင်းစာကြည့်တိုက်ဆောက်လုပ်မှုအခြေအနေကို ကြည့်ရှုလေ့လာပြီး စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံကာ စာအုပ်စာစောင်ရရှိရေးနှင့် ငွေပဒေသာပင်စိုက်ထူနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးသည်။ (ခရိုင် ပြန်/ဆက်)

## မြို့သန့်ရှင်းလှပရေး အမှိုက်စွန့်ပစ်ရန် နေရာသတ်မှတ်

ဖလမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်လျက်ရှိရာ မြို့တွင်းအမှိုက်များစွန့်ပစ်ရန် နေရာသတ်မှတ်ရေးအတွက် ကျင်မှာလ်ရပ်ကွက် ရှခင်းသာလမ်း သစ်ခွခြံ အနောက်ဘက်ကွင်းပြင်နေရာကို အမှုဆောင်အရာရှိ ဦးထလာဟရဲနှင့် တာဝန်ရှိဝန်ထမ်းများ ဇန်နဝါရီ ၂၅ ရက်က ကွင်းဆင်းကာ စနစ်တကျ သတ်မှတ်နိုင်ရေး ဆောင်ရွက်သည်။ (ခရိုင် ပြန်/ဆက်)

## ဒိုက်ဦး၌ ကျောက်ချောလမ်းသစ်ဖွင့်

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် မြို့ပြလမ်းဖြစ်သော အမှတ်(၆) ရပ်ကွက် ၉ လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က အဆိုပါလမ်းထိပ်မှခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ခိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ်စည်ပင်)

## သရက်မြို့မဈေး မီးဘေးကြိုတင်ကာကွယ်

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ဇန်နဝါရီ ၅ရက်က မကွေးတိုင်းမီးသတ်ဦးစီးဌာနမှူးဦးကြည်တိုး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းက ရှင်းလင်းတင်ပြ၍ တိုင်းမီးသတ်ဦးစီးဌာနမှူးက လိုအပ်သည်များ မှာကြားသည်။ (ခရိုင် ပြန်/ဆက်)

## မန်စီ၌ အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်

ကချင်ပြည်နယ် မန်စီမြို့နယ် ဟန်ထက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇန်နဝါရီ ၂၆ရက် နံနက် ၁၀နာရီကကျင်းပရာ မြို့နယ်ပညာရေးမှူးဦးမြင့်သိန်းနှင့် ကျေးရွာဥက္ကဋ္ဌဦးထွန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ (မြို့နယ် ပြန်/ဆက်)

## စာဆိုတော်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

စစ်တွေခရိုင် မင်းပြားမြို့၌ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး စာဆိုတော်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက် ၈နာရီက အထကကျောင်း၌ ကျင်းပရာ ဆုရကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ (မြို့နယ် ပြန်/ဆက်)

(၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမျိုးသားပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းဆုကို ပေးအပ်ချီးမြှင့်စဉ်။ (အား/ကာ)

## စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး မြောက်ဥက္ကလာပ ပြန်/ဆက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်းဖွင့်လှစ်ပြီးသော စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ဇန်နဝါရီ ၁၇ရက်က (ဆ)ရပ်ကွက် မြတ်ပညာ စာကြည့်တိုက်သို့ ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က စာကြည့်တိုက်ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့် ပြည့်စုံရေး၊ စာငှားကတ်စနစ်ကျင့်သုံး၍ စာအုပ်စာစောင်များ တိုးပွားရရှိရေးနှင့် ရပ်ကွက်နေပြည်သူများ စာဖတ်သည့်အလေ့အကျင့်ရရှိအောင် စည်းရုံးဆောင်ရွက်ရေးတို့ကို ဟောပြောသည်။

**ရှင်းလင်း**

ဆက်လက်၍ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်က သီးခြားစာကြည့်တိုက် အဆောက်အအုံဖြစ်ပေါ်လာရေး၊ စာငှားကတ်စနစ်ကျင့်သုံး၍ စာကြည့်တိုက် ရန်ပုံငွေရရှိရေးတို့ကို ဆွေးနွေးပြီး(**အောက်ပုံ**) စာကြည့်တိုက်မှူး ဒေါ်မိုးသီတာခိုင်က စာကြည့်တိုက်ရှိစာအုပ်များ စနစ်တကျ မှတ်ပုံတင်ထားရှိပုံများကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

## အလက(၃)သာကေတ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

(ယခင်)အလက(၃) (၈)ရပ်ကွက် သာကေတမြို့နယ်၏ ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက်၈နာရီတွင် အလင်းရောင်ကျောင်းတိုက် ၁၀၈တောင် ဘုရားလမ်း ၁၀/တောင်ရပ်ကွက်၌ကျင်းပမည်ဖြစ်ရာ နှစ်စဉ်အပူဇော်ခံဆရာကြီး ဆရာမကြီးများနှင့် ရပ်နီးရပ်ဝေးမှ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်ဖြစ်သည်။

**လှူဒါန်းနိုင်**

ပူဇော်ကန်တော့ပွဲအတွက် ဆက်သွယ်လှူဒါန်းလိုပါက ဦးသိန်းဝင်း ဖုန်း-၀၉-၅၁၀၃၈၉၅၊ ဦးမျိုးဝင်း ဖုန်း-၅၄၇၄၉၉၊ ၀၉-၅၁၀၁၁၄၉၊ ဒေါ်တင်တင်အေး ဖုန်း-၅၄၇၀၇၂ နှင့် ဒေါ်နုနုလှိုင် ဖုန်း-၀၉-၅၁၇၁၃၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (**မြန်မာ့အလင်း**)

မြင်းမူမြို့နယ် ညောင်ရင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၅ရက်က အဆိုပါကျောင်း သီရိဆောင်၌ ကျင်းပရာ တစ်မြို့နယ်လုံး ဆဋ္ဌမတန်း အင်္ဂလိပ်စာစွမ်းရည် တတိယဆုရ မမီမီဟန်စိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဌေး ဆုချီးမြှင့်စဉ်။ (၀၃၅)

မီးမလောင်ခင်
သတိယှဉ်
ကြိုတင်ကာကွယ်ပါ

## မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။**

### ရထားတွဲများပေါ် ကုန်စိမ်းများစည်းကမ်းမဲ့ တင်ဆောင်မှု ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်ဘူတာကြီးမှ လှော်ကားသို့ နံနက်ပိုင်းတွင် ရထားနှစ်စင်း၊ ညနေပိုင်းတွင် ရထားနှစ်စင်း ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်အချို့သည် ရထားပေါ်သို့ ကုန်ပစ္စည်းများ မတန်တဆ တင်ဆောင်ခြင်း၊ သားစိမ်း ငါးစိမ်း၊ ဟင်းသီးဟင်းရွက်များ တင်ဆောင်ခြင်း၊ ထိုင်ခုံများပေါ်တွင် အရက်မူးပြီးအိပ်နေခြင်းတို့ကြောင့် ခရီးသွားများအတွက် အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသည်တစ်ဦး

### ဆိုးဆေးရည်များ စည်းကမ်းမဲ့စွန့်ပစ်နေ

စာတည်းခင်ဗျား-

**ဝမ်းတွင်းမြို့နယ် ပဲခင်းကျော်ကျေးရွာအုပ်စု တမာကုန်းကျေးရွာတွင် စက်ရက်ကန်းလုပ်ငန်းရှင်များ၏ ချည်ဆိုးဆေးရည်များကို စနစ်တကျစွန့်ပစ်ခြင်းမရှိသဖြင့် လမ်းများပျက်စီးသည့်အပြင် အဆိုပါစွန့်ပစ်ဓာတုဗေဒဆိုးဆေးရည်များကြောင့် ကျန်းမာရေးပါ ထိခိုက်နေ၍ စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် သက်ဆိုင်ရာက ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။**

တမာကုန်းသား

### ထုံးဂိုဒေါင်များ ရပ်ကွက်နှင့်ဝေးရာ ပြောင်းရွှေ့ပေးသင့်

စာတည်းခင်ဗျား-

မုံရွာမြို့ မြို့ဝင်ရပ်ကွက် သံလမ်းဘေးဝဲယာ၌ရှိသော ထုံးဂိုဒေါင်ငါးခုမှ ထုံးမှုန့်များသည် အစားအသောက်များ၊ ရေကန်များ၊ အိပ်ရာများထဲတွင် ထုံးမှုန့်များကျရောက်၍ ကျန်းမာရေးထိခိုက်ရုံမျှမက အသက်ရှူစဉ် ထုံးမှုန့်များဝင်ရောက်မှုကြောင့် အသက်ရှူမဝခြင်း၊ ရင်ကျပ်ခြင်း၊ ချောင်းဆိုးခြင်း၊ ချွဲထခြင်းစသော ရောဂါများခံစားနေရပါသဖြင့် ထုံးဂိုဒေါင်များကို လူနေအိမ်ခြေများနှင့်ဝေးရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားများ**

### ကားဘော်ဒီရုံမှ ဆူညံသံနှင့် ညှော်နံ့များခံစားနေရ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၄) လမ်းမကြီးဘေး ဘုံရှည်ကုန်းကျေးရွာ (သံဖြူဆိုင်ကားမှတ်တိုင်အနီး) ရှိ ကားဘော်ဒီရုံမှ သံပြားထုရိုက်သံများနှင့် ဝရိန်ညှော်နံ့များ၊ မီးစက်မောင်းနှင်သံများ၊ မော်တော်ကားဆေးမှုတ်ရာမှထွက်ရှိလာသော အနံ့များကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုနှင့် ကလေးငယ်များ နားမခံနိုင်ခြင်း၊ မီးဘေးအန္တရာယ်ရှိပြီး ကျန်းမာရေးပါထိခိုက်နိုင်ပါသဖြင့် လူနေအိမ်များအတွင်း ဘော်ဒီရုံလုပ်ကိုင်ခြင်းကို လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဘုံရှည်ကုန်းသား**

### လူနေရပ်ကွက်ရှိ ဒန်အိုးလုပ်ငန်း စက်မှုဇုန်သို့ ပြောင်းရွှေ့ပေးစေလို

စာတည်းရှင့်-

မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် မဟာဘောဂလမ်း အောက်ပိုင်းမှ နေအိမ်တစ်အိမ်သည် ဒန်အိုးလုပ်ငန်းကို နေ့စဉ်လုပ်ကိုင်လျက်ရှိရာ ထိုလုပ်ငန်းမှထွက်ပေါ်လာသော ဒန်စမှုန့်၊ မီးခိုးငွေ့၊ ဒန်ခွက်ခေါက်သံများနှင့် အသံဆိုး၊ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်ရသည့်အပြင် စက်သုံးဆီများ သိုလှောင်ထားခြင်းကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါ၍ အဆိုပါလုပ်ငန်းကို စက်မှုဇုန်သို့ ပြောင်းရွှေ့ပေးနိုင်ရေး တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

### ထုရိုက်သံနှင့် ညှော်နံ့ဆိုးများ တားဆီးပေးပါ

**စာတည်းရှင့်-**

မွန်ပြည်နယ် သထုံမြို့ အောက်ကျင်းရပ် ဘူတာလမ်း ဘုံကျောင်းအနီးရှိ တွင်ခုံနှစ်ခုမှ ဝရိန်ဆက်ခြင်းလုပ်ငန်းကို နေ့ရောညပါ လုပ်ကိုင်နေရာ ထွက်ပေါ်လာသော ထုရိုက်သံနှင့် ညှော်နံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**သထုံသူ**

### အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းရှင့်-**

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် စာတိုက်ရပ်ကွက် ခေတ္တရာ ၃လမ်းနှင့် ၄လမ်းကြားရှိ ရေမြောင်းတွင် မုန့်ဟင်းခါးစက်နှင့် ဆန်စက်ဘွိုင်လာအိုးများမှ အရည်များကို မြောင်းအတွင်း စွန့်ထုတ်နေပါသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရပါ၍ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ခေတ္တရာသူ**

### ဝက်ခြံမှ အနံ့ဆိုးများ ရှင်းလင်းဆောင်ရွက်ပြီး

၂၇-၁၀-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **လှိုင်ကော်မြို့ ဒေါ်တမရပ်ကွက် ဘူတာလမ်း လှိုင်ကော်ဘူတာကြီးရှေ့အနီးရှိ နေအိမ်ဝက်ခြံမှ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### အိမ်သာများ စည်းကမ်းမဲ့ဆောက်လုပ်မှု ဆောင်ရွက်ပြီး

၂၃-၁၁-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကဝမြို့နယ် သဏ္ဌလစ်ပြကျေးရွာတွင် အိမ်သာများကို ချောင်းအတွင်း၌ စည်းကမ်းမဲ့စွာ ဆောက်လုပ်ထား၍ ဝမ်းနှင့် ပတ်သက်သော ရောဂါများစိုးရိမ်ရ** ပေးစာနှင့် ပတ်သက်၍ ကွင်းဆင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
# ပြည်လမ်း၊ ရန်ကုန်မြို့

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ သမိုင်းဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။**

## တက္ကသိုလ်ဝင် စာမေးပွဲ
## သိမှတ်ဖွယ်ရာ သမိုင်း

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူများအတွက် သမိုင်းဘာသာရပ် သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်း သင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကိုကျရောက်ခဲ့ရတာကို မခံမရပ်နိုင် ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့ လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများ ကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသား စိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့ အပိုင်းကိုလေ့လာတဲ့အခါ ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆ မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ်နိုးကြားလာခြင်း ဆိုတာဟာလည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိရှိဖို့ လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်သက္ကရာဇ်တိုင်း သိရှိဖို့မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်၊ သက္ကရာဇ်တွေကို သိရှိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာ ကျင်းပခဲ့တဲ့ ဝိုင်အမ်ဘီအေညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာ နိုင်ငံရေးကို ဆောင်ရွက်ခြင်းမပြုတော့တာ တွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့နေရာမှာ နိုင်ငံရေးဆောင်ရွက်မယ့် အသင်းကြီးတစ်သင်းပေါ်ထွက်လာတယ်။ အဲဒါက ဂျီစီဘီအေဖြစ်တယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံအမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာနိုင်ငံလုံးဆိုင်ရာမြန်မာအသင်းချုပ်ကြီးဖြစ်တယ်။

ဂျီစီဘီအေအစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီး တစ်သင်း ပေါ်ပေါက်လာတယ်။ တို့ဗမာအစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ ၃၀မှာ စတင် ဖွဲ့စည်းတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းမှာ "တို့ဗမာ အစည်းအရုံး" ရဲ့ အခန်းကဏ္ဍမှာ အရေးပါတယ်။

၁၉၃၀ ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက် ခဲ့တယ်။ နယ်ချဲ့ကိုလက်နက်စွဲကိုင် တော်လှန်ခဲ့ခြင်းဖြစ်တယ်။ ထိုအတောအတွင်း ခွဲရေး၊တွဲရေး ပြဿနာပေါ်လာပြီး အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို အိန္ဒိယမှခွဲထုတ်လိုက်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်၊ ခရစ်နှစ် ၁၉၃၈ ဟာထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ပြည့် အရေး တော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမို ပြင်းထန်လာ ခဲ့တယ်။ ၁၃၀၀ပြည့်အရေးတော်ပုံ ဖြစ်ပွားတဲ့ကာလဟာ ခရစ်သက္ကရာဇ်အားဖြင့် ၁၉၃၈-၁၉၃၉ ကာလဖြစ်တယ်ဆို တာကိုလည်း သိထားရမှာဖြစ်တယ်။ ဒီကာလမှာ ဥရောပတွင် ဒုတိယကမ္ဘာစစ်ကြီးစတင်ရန် နီးကပ်လာတဲ့အချိန် ဖြစ်တယ်။ မြန်မာတို့က လွတ်လပ်ရေးရရန် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်း ပေါ်ပေါက်လာ ခဲ့တယ်။

မြန်မာ့သမိုင်းတွင် ၁၉၄၀-၁၉၄၅ အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေး ဆင်နွှဲတဲ့ အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကိုတော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။

အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခြင်းမှာလည်း ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေဆိုပြီး လေ့လာ နိုင်တယ်။ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂-၁၉၄၅) ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့ အခြေအနေများ၊ အခြေခံ သဘောထားနှင့် အစီအမံများ၊ အောင်မြင်မှုများဟူ၍ လေ့လာဖို့လိုတယ်။

လွတ်လပ်ရေးအရယူခြင်းခေါင်းစဉ်ရဲ့အောက်မှာ စက္ကူဖြူစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ကန္ဒီကွန်ဖရင့်၊ အလယ်ပစ္စယာအစည်းအဝေး၊ အောင်ဆန်း-အက်တလီစာချုပ်၊ ပင်လုံညီလာခံနှင့် နု-အက်တလီ စာချုပ်တို့ပါရှိတယ်။

အင်္ဂလိပ်ခေတ်နဲ့ဂျပန်ခေတ်တွေရဲ့ ယေဘုယျအခြေအနေကို လေ့လာတဲ့အခါ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုပြီး ကဏ္ဍအလိုက် လေ့လာရမှာဖြစ်တယ်။

အင်္ဂလိပ်ခေတ် တစ်နည်းအားဖြင့် ကိုလိုနီခေတ် အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီ အုပ်ချုပ်ရေး၊ ဒိုင်အာခီ အုပ်ချုပ်ရေး၊ ၉၁ ဌာနအုပ်ချုပ်ရေး ဆိုပြီးရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ မှ ၁၉၃၇ အတွင်း အုပ်ချုပ် ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲအုပ်ချုပ်ရေးဖြစ်လို့ ပြည်သူတို့က မကျေနပ် တဲ့အတွက် အုပ်ချုပ်ရေးအသစ် ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ ဒါကြောင့် ၉၁ ဌာနအုပ်ချုပ်ရေး ပေါ်လာတယ်။ ၉၁ ဌာနအုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၂ အတွင်း အုပ်ချုပ်ခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေးကာလ အတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့တယ်။ ဂျပန်တို့ ဆုတ်ခွာသွားပြီးနောက် အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေး ပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနှင့် အမျိုးသားယာယီအစိုးရတို့ဖြင့် အုပ်ချုပ်သွားခဲ့တယ်။

ကိုလိုနီခေတ်စီးပွားရေးကို လေ့လာရာမှာ ဆန်စပါးစိုက်ပျိုးရေး၊ သစ်တော၊ သတ္တုတူးဖော်ရေး၊ ရေနံ၊ လမ်းပန်း ဆက်သွယ်ရေးတို့ပါဝင်တယ်။ ကိုလိုနီခေတ် လူမှုရေးနှင့်ကိုလိုနီခေတ် ယဉ်ကျေးမှုတို့ကိုလေ့လာရာမှာလည်း ခေါင်းစဉ် ခွဲများအလိုက် လေ့လာရမှာဖြစ်တယ်။

ဂျပန်ခေတ်ကိုလေ့လာရာမှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဂျပန်ခေတ်စီးပွားရေး၊ ဂျပန်ခေတ်လူမှုရေးနှင့် ဂျပန်ခေတ် ယဉ်ကျေးမှုဆိုပြီး ကဏ္ဍအလိုက် လေ့လာရမှာဖြစ်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကိုလေ့လာရာတွင် ၁၉၄၈-၁၉၅၈ ကာလအပိုင်းအခြားဟာ ဖဆပလ အစိုးရအုပ်ချုပ်တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံ သောင်းကျန်းသူများ ပေါ်ပေါက်လာပုံ၊ တရုတ်ဖြူကိုမင်တန်ကျူးကျော်မှု၊ ဖဆပလပြိုကွဲပုံတွေကို လေ့လာရမှာဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့် အစိုးရ ပေါ်ပေါက်လာခဲ့တယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရတာဝန်ယူတဲ့ ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ်ကြီး၊ အိမ်စောင့်အစိုးရရဲ့ ဆောင်ရွက်ချက်များ စသည်တို့ကို လေ့လာရမှာဖြစ်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂အထိကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်လာခဲ့ရတယ်။ ဒီအခြေအနေဟာ တော်လှန်ရေး ကောင်စီကို ပေါ်ပေါက်လာစေခဲ့တယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရလက်ထက်၊ တော်လှန်ရေးကောင်စီလက်ထက်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ယေဘုယျအခြေအနေ စတဲ့သင်ခန်းစာများ ပါရှိ တယ်။ ယေဘုယျအခြေအနေများဖြစ်ကြတဲ့ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကို လေ့လာကြရမှာဖြစ်တယ်။

မြန်မာ့သမိုင်းသင်ရိုးကို မျက်မှောက်ကာလအထိ ရေးဆွဲထားတဲ့အတွက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခြေအနေတွေကို လေ့လာရမှာဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမကမ္ဘာစစ်ကို လေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကို သိရှိဖို့လိုတယ်။ စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။ အခြေခံ အကြောင်းရင်းများမှာ ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း၊ အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်လာခြင်း၊ မဟာမိတ် စစ်အုပ်စု အပြိုင်အဆိုင်ဖွဲ့စည်းခြင်းနှင့် လက်နက်အပြိုင် တပ်ဆင်ခြင်းတို့ဖြစ်တယ်။ စစ်ဖြစ်ပွားရတဲ့အခြေခံ အကြောင်းရင်းအပြင် လတ်တလော အကြောင်းရင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေတွေကြောင့် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တို့ကို လေ့လာဖို့ လိုပါတယ်။ ဗာဆိုင်းစာချုပ်မှာပါတဲ့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ ဂျာမနီလက်နက်လျှော့ပေါ့ရေး၊ စစ်လျော်ကြေးနဲ့ အထွေထွေစီမံချက်များဟာ မဟာမိတ်တို့ အလိုကျ တစ်ဖက်သတ် ချုပ်ဆိုထားတဲ့ စာချုပ်ဖြစ်တယ်။ ဒါကြောင့် ဂျာမနီ အင်အားပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါအချက်များကို ချိုးဖောက်လာရာက ဥရောပနိုင်ငံရေးမှာ ပြဿနာများပေါ်ပေါက်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်ရတဲ့ အခြေအနေသို့ ရောက်ရှိလာခဲ့ရတယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် အသင်းကြီး ပေါ်ပေါက်လာပုံ၊ အသင်းကြီး၏ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနှင့် အသင်းကြီး၏ ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှားနိုင်ငံ ပေါ်ပေါက်လာခြင်း ဖြစ်တယ်။ ဆိုရှယ်လစ်ရုရှားနိုင်ငံနဲ့ပတ်သက်ပြီး လေ့လာရာမှာ ၂၀ရာစုဦး ရုရှားနိုင်ငံအခြေအနေ၊ ၁၉၀၅ တော်လှန် ရေး၊ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာတော်လှန်ရေးဆိုပြီး လေ့လာရမှာဖြစ်တယ်။ ဒါ့အပြင် ဖေဖော်ဝါရီတော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေး ဖြစ်တယ်ဆိုတာ၊ အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ် တော်လှန်ရေး ဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

အရင်းရှင်နိုင်ငံတို့ရဲ့ ကိုလိုနီစနစ်ကိုဆန့်ကျင်တဲ့ အမျိုးသားလှုပ်ရှားမှုများဟာ ပထမကမ္ဘာစစ်အပြီးမှာ ပိုမို အားကောင်းလာခဲ့တယ်။ အမျိုးသားလှုပ်ရှားမှုကို လေ့လာရာမှာ အမျိုးသားလှုပ်ရှားမှု၏သဘောနှင့် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်နိုင်ငံတို့မှာ ဖြစ်ပေါ်ခဲ့တဲ့ အမျိုးသားလှုပ်ရှားမှုများဟူ၍ ဒေသအလိုက် လေ့လာရမှာဖြစ်တယ်။

ပထမကမ္ဘာစစ်ပြီးကာလမှာ ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေး ပြဿနာများနဲ့ ရင်ဆိုင်ခဲ့ရ တယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ချမှတ်ပြီး ပြဿနာများကို ဖြေရှင်းပေမယ့် မအောင်မြင်ခဲ့တဲ့ အခြေအနေတွေ ကို တွေ့ရတယ်။ ဒါကြောင့် အချို့နိုင်ငံများမှာအမျိုးသားဝါဒနှင့် စစ်ဝါဒကို အခြေခံတဲ့ ဖက်ဆစ်အာဏာရှင်စနစ် ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာ ပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက် ပေါ်ပေါက်ခဲ့တယ်။ အီတလီ၊ ဂျာမနီနဲ့ ဂျပန်နိုင်ငံတွေမှာ ဖက်ဆစ်စနစ် အားကောင်းလာခြင်းဟာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားစေဖို့ အခြေအနေများ ဖန်တီးလာခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကို လေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလော အကြောင်းရင်းဟူ၍ လေ့လာရမှာဖြစ်ပါတယ်။ စစ်ဖြစ်ရသည့် အခြေခံအကြောင်းရင်းများမှာ အရင်းရှင်နိုင်ငံ အချင်းချင်း ပဋိပက္ခဖြစ်ခြင်း၊ နိုင်ငံပေါင်းချုပ်အသင်းကြီး အားနည်းလာခြင်း၊ မဟာမိတ်စစ်အုပ်စုများ အပြိုင်အဆိုင် ဖွဲ့စည်းလာခြင်း၊ လက်နက်အပြိုင်အဆိုင်တပ်ဆင်ခြင်းနှင့် ဖက်ဆစ်နယ်ချဲ့ ကျူးကျော်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေး ပျက်ပြားခြင်းတို့ဖြစ်တယ်။ ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန် ပြည်တွင်းစစ်၊ ဩစတြီးယားကို သိမ်းပိုက်ခြင်းနဲ့ ချက်ကိုစလိုဗက်ကီးယားကို သိမ်းပိုက်ခြင်းဆိုပြီးရှိတယ်။ အဆိုပါ ကျူးကျော်မှုတွေကြောင့် စစ်ဖြစ်ဖို့ ဦးတည်လာခြင်းဖြစ်တယ်။ ဒီလိုအခြေအနေမျိုးမှာ ဂျာမန်တို့က ပိုလန်ကို ကျူးကျော်လိုက်တဲ့အတွက် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့ရတယ်။ ဒါဟာ ဒုတိယကမ္ဘာစစ်ကို ဖြစ်ပွားစေခဲ့တဲ့ လတ်တလော အကြောင်းရင်းဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီးနိုင်ငံ ဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံ ထိပ်သီးအင်အားကြီးနိုင်ငံ ဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံ နိုင်ငံများ လွတ်လပ်ရေး ရရှိလာခြင်းတို့ ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းမှာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြား သည့် ဖြစ်ရပ်တစ်ခုဖြစ်တယ်။ အသင်းကြီးပေါ်ပေါက်လာပုံ၊ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို လေ့လာသိရှိဖို့ လိုအပ်တယ်။

ဒုတိယကမ္ဘာစစ်အတွင်းက အရှေ့ဥရောပနိုင်ငံများဟာ နာဇီဂျာမနီရဲ့ လက်အောက်ခံအဖြစ် ကျရောက်ခဲ့တယ်။ ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးစစ်ပွဲများ ဆင်နွှဲခဲ့ရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပ နိုင်ငံတွေဟာ ဆိုဗီယက် အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြပြီး စစ်ပြီးကာလ ဥရောပမှာ ဆိုရှယ်လစ်စနစ်ကျယ်ပြန့် လာခဲ့တယ်။ ထို့ပြင် စစ်ပြီးကာလ အရှေ့ဥရောပနိုင်ငံများအားစုစည်းကာ ဆိုဗီယက် ဦးဆောင်တဲ့ ဆိုရှယ်လစ် အုပ်စုအဖြစ် ပေါ်ပေါက်လာခဲ့တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ စစ်အေးပေါ်ပေါက်လာခြင်းဟာလည်း ထူးခြားတဲ့သမိုင်းဖြစ်စဉ် တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့ သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကိုလေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အမေရိကန်နိုင်ငံဟာ အနောက်ဥရောပနိုင်ငံများကို စီးပွားရေးနှင့် စစ်ရေး အကူအညီများပေးပြီး ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ အနောက်ဥရောပ နိုင်ငံများကလည်း စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။ ယင်းအဖွဲ့များမှာ ဥရောပ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အဖွဲ့၊ ဥရောပကျောက်မီးသွေးနှင့်သံမဏိအဖွဲ့၊ ဥရောပစီးပွားရေးအဖွဲ့ (သို့မဟုတ်) ဘုံဈေး၊ ဥရောပလွတ်လပ်စွာ ကုန်သွယ်ရေးအဖွဲ့တို့ဖြစ်ကြတယ်။ တစ်ဖက်မှာလည်း ဆိုဗီယက် ဦးဆောင်တဲ့ ကွန်မြူနစ်အုပ်စု ပေါ်ပေါက်လာတယ်။ ယင်းတို့မှာ ကိုမင်ဖောင်၊ စီးပွားရေးအပြန်အလှန် အထောက်အကူပြုရေးကောင်စီ (စီအမ်အီးအေ) ခေါ် ကိုမီကွန်တို့ ဖြစ်ကြတယ်။

*စာမျက်နှာ ၁၆ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၅ မှအဆက်*

အမေရိကန်နဲ့ဥရောပနိုင်ငံတွေဟာ စစ်ရေးအရလည်းပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့ သာဓကတွေကတော့ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့၊ အန်ဇပ်၊ အရှေ့တောင်အာရှ စာချုပ်အဖွဲ့နှင့် ဗဟိုစာချုပ်အဖွဲ့ စသည်တို့ဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း ဝါဆောစစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက် ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများ အပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင် တပ်ဆင်လာကြတယ်။

စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာ အရေးအခင်းတွေကတော့ ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု၊ ကိုရီးယားစစ်၊ စူးအက်အရေးအခင်းနှင့် ကျူးဘားဒုံးပျံ အရေးအခင်းတို့ဖြစ်တယ်၊ ယင်းနိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှားနိုင်ငံအပြောင်းအလဲဖြစ်ခြင်းကြောင့် ဆိုရှယ်လစ်အုပ်စုပြိုကွဲပြီး စစ်အေးကာလ ပြီးဆုံးခြင်းသည်လည်း ကမ္ဘာ့နိုင်ငံရေးရဲ့ ထူးခြားတဲ့ ဖြစ်စဉ်များ ဖြစ်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ပြီးနောက် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ခဲ့ပြီး နိုင်ငံခြားဆက်ဆံရေး တိုးတက်လာအောင် ဆောင်ရွက်ခဲ့တယ်။

အလားတူပဲ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာရမှာဖြစ်တယ်။ ၁၉၄၅ မှ ၁၉၅၂အထိ ဂျပန်နိုင်ငံ၏ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ၁၉၅၂ နောက်ပိုင်း ဂျပန်နိုင်ငံ အဘက်ဘက်မှ တိုးတက်ခဲ့ပုံကို လေ့လာရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းကို လေ့လာရာတွင် အရှေ့တောင်အာရှဒေသကိုလည်း လေ့လာရမှာဖြစ်တယ်။ အရှေ့တောင်အာရှရှိ နိုင်ငံတစ်ခုစီရဲ့ နိုင်ငံသစ်များ ပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှုများကို လေ့လာရမှာဖြစ်တယ်။ ထို့ပြင် အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများအသင်း) ပေါ်ပေါက်လာပုံ၊ အသင်းကြီးရဲ့ရည်ရွယ်ချက်၊ အာဆီယံအဖွဲ့ရဲ့ ဖွဲ့စည်းပုံ၊ အဓိကအစည်းအဝေး ညီလာခံများ၊ အာဆီယံအမြဲတမ်းကော်မတီ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ကိုလည်း လေ့လာသိရှိဖို့ လိုအပ်တယ်။

အလားတူ မြန်မာနိုင်ငံ၏ ဘက်မလိုက်လှုပ်ရှားမှု၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေး သင်ခန်းစာတို့ကိုလည်း လေ့လာသိရှိဖို့ လိုအပ်တယ်။

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းဟာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း(ဂ)၊ အပိုင်း (ဃ)ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း လေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) မှာ နံပါတ် ၁။ (က)၊ ၁။ (ခ)၊ ၁။ (ဂ) ဆိုပြီး ပါရှိမှာဖြစ်တယ်။ နံပါတ် ၁။(က) မေးခွန်းက 'အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။' ဟူ၍ဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၅) ပုဒ် စုစုပေါင်း (၁၀) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၁၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (က) နံပါတ် ၁။ (ခ) မေးခွန်းမှာ 'အောက်ဖော်ပြချက်များကို **'မှား' သို့မဟုတ် 'မှန်'** ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်ပြီး 'မှား' သို့မဟုတ် 'မှန်' ကို ရေးဖြေရန်ဖြစ်တယ်။ နံပါတ် ၁။ (ခ) မေးခွန်းမှာ မြန်မာ့သမိုင်းမှ (၃) ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှ (၂) ပုဒ် စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၅) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (က) ၏ နံပါတ် ၁။ (ဂ) မေးခွန်းမှာ 'အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ **အဖြေမှန်တစ်ခု** ကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ ဖြစ်တယ်။ မှန်တဲ့ အဖြေကို အဖြေစာအုပ်မှာ ရေးရမှာဖြစ်တယ်။ နံပါတ် ၁။ (ဂ) မေးခွန်းမှာ မြန်မာ့သမိုင်း (၂) ပုဒ်နဲ့ ကမ္ဘာ့သမိုင်း (၃)ပုဒ် စုစုပေါင်း (၅)ပုဒ် ပါရှိမှာ ဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁)မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၅)မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (ခ) မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတို (၄) ပုဒ်နဲ့ ကမ္ဘာ့သမိုင်း မှတ်စုတို (၄) ပုဒ်တို့ ပါရှိမှာဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ မှတ်စုတို (၄) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတို တစ်ပုဒ်၏ ရမှတ်မှာ (၅) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၂၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (ဂ) မှာ မြန်မာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅)ပုဒ်ပါရှိမှာဖြစ်တယ်။ ယင်း (၅) ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂)ပုဒ် အတွက် စုစုပေါင်း ရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (ဃ) မှာ ကမ္ဘာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း(၅)ပုဒ်ပါရှိမှာဖြစ်တယ်။ ယင်း (၅)ပုဒ် အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ် ဖြစ်ပြီး (၂) ပုဒ် အတွက် စုစုပေါင်း ရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

နိဂုံးချုပ်အနေနဲ့ပြောလိုတာကတော့

၁။ သမိုင်းဘာသာရပ်ကို လေ့လာရာတွင် သမိုင်းစဉ်ဆက်စပ်မှုကို သတိထားရန်
၂။ ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်
၃။ ပြဋ္ဌာန်းစာအုပ်ကို အလေးပေးလေ့လာရန်
၄။ မေးခွန်းကို သေသေချာချာဖတ်ရန်
၅။ မေးသည်ကိုသာ ဖြေဆိုရန် ဖြစ်ကြောင်း တင်ပြရင်း ပို့ချချက်ကိုရပ်နားလိုက်ပါတယ်။ ။


# လပွတ္တာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# လပွတ္တာမြို့ သုံးမိုင်မြို့ကွက်သစ်အတွက် မြေကွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်း၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့ သုံးမိုင်မြို့ကွက်အား လပွတ္တာမြို့နှင့် သုံးမိုင်အကွာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၀ပေမှ ပေ၃၀ရှိ လပွတ္တာ-မြောင်းမြကားလမ်းပေါ်တွင် အောက်ပါ အချက်အလက်များဖြင့် ဖော်ထုတ်ပြီး ဖြစ်ပါသည်-

(က) မြေကွက်အရွယ်အစား ပေ(၁၀၀×၁၀၀)မြေကွက်၊ ပေ(၈၀×၈၀)မြေကွက်၊ ပေ(၈၀×၆၀)မြေကွက်၊ ပေ(၆၀×၄၀) မြေကွက်။

(ခ) ကတ္တရာလမ်းများ၊ အိမ်ခြံအရောက် လျှပ်စစ်မီး၊ သောက်သုံးရေလိုင်း၊ လိုင်း ၅၀၀ပါ ဆက်သွယ်ရေးစခန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

(ဂ) နှစ်ဧကရှိ အအေးခန်း စက်မှုဇုန် မြေကွက်များဖော်ထုတ်ပေးထားသည်။

(ဃ) ခရိုင်အဆင့် ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်လျက်ရှိပြီး ရဲစခန်း၊ ခုတင်(၂၀၀)ဆံ့ဆေးရုံ၊ အခြေခံပညာ အလယ်တန်းကျောင်း၊ လူငယ်သင်တန်းကျောင်း၊ လက်သမား၊ ပန်းရန်၊ သံချည်သံကွေးသင်တန်းကျောင်းများ ဆောက်လုပ်လျက်ရှိပြီး စက်မှုလက်မှု အထက်တန်းကျောင်း၊ အားကစားကွင်း၊ မီးသတ်၊ အဝေးပြေးယာဉ်ရပ်နားစခန်း၊ ဆိပ်ကမ်းများ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

၂။ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံသားများ မည်သူမဆို မြေကွက် လျှောက်ထားနိုင်ပြီး မြေကွက်လျှောက်ထားသူများသည် အောက်ပါအချက်အလက်များကို လိုက်နာရမည်-

(က) မြေကွက် ဝယ်ယူခွင့် ရှိသူသည် အောက်ပါ နှုန်းထားအတိုင်း ငွေပေးသွင်းရမည်-

(၁) အကျယ် ပေ(၁၀၀×၁၀၀) မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း၂၀။
(၂) အကျယ် ပေ(၈၀×၈၀) မြေကွက်တစ်ကွက်လျှင် ကျပ် ၁၅သိန်း။
(၃) အကျယ် ပေ(၈၀×၆၀) မြေကွက်တစ်ကွက်လျှင် ကျပ် ၁၀ သိန်း။
(၄) အကျယ် ပေ(၆၀×၄၀) မြေကွက်တစ်ကွက်လျှင် ကျပ် ငါးသိန်း။
(၅) အအေးခန်းစက်မှုဇုန်မြေကွက် တစ်ဧကလျှင် ကျပ်သိန်း၈၀။

(ခ) အမှန်တကယ် လူနေအိမ်ရာဆောက်လုပ်နေထိုင်သူဖြစ်ပြီး မိမိကြိုက်နှစ်သက်ရာ အိမ်ပုံစံအား ဆောက်လုပ်နေထိုင်နိုင်သည်။

(ဂ) အဆောက်အအုံ ဆောက်လုပ်ပြီးသည်နှင့် မြေပိုင်ဆိုင်မှုအဖြစ် နှစ်(၃၀) မြေငှားဂရန် ထုတ်ပေးမည်။

(ဃ) မြေကွက်လျှောက်ထားလိုသူများအား ဦးရာလူစနစ်ဖြင့် ရောင်းချပေးသွားမည်။

၃။ လူနေအိမ်ရာ စီမံကိန်းများအဖြစ် တည်ဆောက်အကောင်အထည်ဖော်လိုသည့် တည်ဆောက်ရေး ကုမ္ပဏီများမှ လုပ်ငန်းဆောင်ရွက်လိုပါက ဆောင်ရွက်ခွင့်ပြုမည်။

၄။ မြေကွက်လျှောက်ထားရန် စိတ်ပါဝင်စားသူများအနေဖြင့် လပွတ္တာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်မြို့ကွက်သစ်ချထားရေး ကော်မတီသို့ ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ပါသည်။

**ခရိုင်မြို့ကွက်သစ်ချထားရေးကော်မတီ**
**လပွတ္တာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**
**ဖုန်း-၀၉-၈၅၅၃၂၂၄၊ ၀၄၂၈၀၆၇၄။**

**သမီးအဖြစ်မှ**
**အမွေပြတ်စွန့်လွှတ်ခြင်း**

သမီးဖြစ်သူ မသဇင်မျိုးထွန်းလွင်(ခ)သဲသဲ ၇/တငန(နိုင်)၁၂၆၁၃၆ သည် မိဘဆွေမျိုးများ ခွင့်မလွှတ်နိုင်သည့် ကိစ္စမျိုးပြုလုပ်ပြီး ၎င်း၏ဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားသဖြင့် သမီးအဖြစ်မှ ရာသက်ပန် အမွေပြတ် စွန့်လွှတ်လိုက်သည်။

(၎င်းနှင့် ပတ်သက်သမျှ ကိစ္စအဝဝကို လုံးဝတာဝန်မယူတော့ပါ။)

**မိဘ- ဦးမျိုးဝင်း-ဒေါ်ချယ်ရီလွင်**
**၁၉/၅၃၅၊တောင်ငူမြို့။**

**ကျေးဇူးဆပ်ပါမည်**

ကျွန်မ ဒေါ်အေးစိုးမိုးနိုင် ၉/ပမန(နိုင်)၀၄၅၄၅၅ ဝယ်ယူထားသော နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း(၃)၊ ၂၃လမ်းပေါ်ရှိ ဝိုင်းကွက်အမှတ်စီ ၈၃၈၊ ၈၃၉နှင့် အာဟာရသုခဈေးရှိ ဆ(၄)မှ အခန်းအမှတ် ၂၂၂၊ ၂၂၃တို့၏ ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

**ဒေါ်အေးစိုးမိုးနိုင်**
**၉/ပမန(နိုင်)၀၄၅၄၅၅**
**ဖုန်း-၀၉-၆၃၀၀၄၂၂။**




★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

# လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် ကားလမ်း၊ ရထားလမ်းများကို ဖောက်လုပ်ပေးလျက်ရှိ

# ရေဝတီ၊ သံလွင်နှင့် ချင်းတွင်းမြစ်ဖြတ် တံတားသစ်များကို နှစ်တိုအတွင်း တည်ဆောက်ပေးခဲ့

# တိုင်းရင်းသားလူမျိုးအချင်းချင်း ထိတွေ့ဆက်ဆံမှု ပိုမိုများပြားပြီး ရင်းနှီးချစ်ခင်မှုများရရှိ

နေပြည်တော် ဇန်နဝါရီ ၃၁

မန္တလေးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက် ၈နာရီ ၃၅မိနစ်တွင် ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✳

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧရာဝတီတံတား (စဉ့်ကူး-ကျောက်မြောင်း) တည်ဆောက်မည့် တံတားအုတ်ကြောင်းနေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅နှင့် ၁၆တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ သမိုင်းဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။